ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (4-4-2006) (၄၉၂၀)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံ တည်ဆောက်ပြီးစီးမှု စစ်ဆေး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မော်လမြိုင် တပ်နယ်ခြံ စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော်မြို့တော် ဧပြီ ၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ရွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက် **စာမျက်နှာ ၉ ကော်လံ ၆ သို့ ▲**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှရွှေဝင်း ခရမ်းမြို့နယ် ဘုရားပျိုစံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## ခရမ်းမြို့နယ် ဘုရားပျိုစံပြကျေးရွာ ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက် ကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး





**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှရွှေဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့သည် ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘုရားပျိုစံပြကျေးရွာဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



သာယာလှပသော ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်အတွင်း လာရောက်လေ့လာကြည့်ရှု အပန်းဖြေသူများကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–Wood Land)

## ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ရှားပါးသားငှက်တိရစ္ဆာန်များ မွေးမြူပြသထား ဒေါင်းဖြူနှင့် သားမင်းတို့ ပေါက်ဖွားတိုးပွားလျက်ရှိ

**သတင်းမှတ်တမ်း – အောင်နိုင်ဦး(ကြေးမုံ)၊ ဓာတ်ပုံ – Wood Land**

ရန်ကုန် ဧပြီ ၃

**ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျပ်သိန်းပေါင်း ၃၀၀၀ကျော် ကျခံသုံးစွဲ၍ ၂၀၀၀ပြည့်နှစ်မှ စတင်ပြုပြင်မွမ်းမံခဲ့ရာ ၂၀၀၁ ခုနှစ် မေ ၁ ရက်နေ့တွင် အများပြည်သူ အပန်းဖြေ အနားယူနိုင်ရန်အတွက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။**

ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်သည် မန္တလေးမြို့ အရှေ့မြောက်ဘက် ၄၄မိုင် အကွာရှိ ပြင်ဦးလွင်တောင်စခန်းမြို့၏ **စာမျက်နှာ ၇ ကော်လံ ၃ သို့ ❖**

**နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၄-၄-၂၀၀၆
(အင်္ဂါနေ့)

# ကျေးရွာချင်းဆက်လမ်းများ တိုးမြှင့်ဖွင့်လှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်

ယနေ့ကာလသည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားစေရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

နိုင်ငံအတွင်း လူဦးရေအများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

မွန်ပြည်နယ်အတွင်း မုဒုံ-ကော့ပရံလမ်းပေါ်ရှိ ကျေးလက်အုတ်ခုံကွန်ကရစ်တံတားသစ်ဖွင့်ပွဲ၊ သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ပြည်တော်သာ လမ်းသစ်ဖွင့်ပွဲတို့ကို မတ်လ ၂၅ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါအုတ်ခုံကွန်ကရစ် တံတားနှင့် ကျုံကဒတ်ကျေးရွာ ကတ္တရာလမ်းသစ်တို့ကို စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေတို့ဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်ရှိ ပေ ၄၁၂၀ ရှည် သမိန်ဗရမ်းလမ်းကိုလည်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်အဆင့်မြှင့်တင်ဖွင့်ပွဲကို မတ်လ ၂၆ ရက်နေ့က ကျင်းပခဲ့ရာ ပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ရေးအတွက် များစွာ အကျိုးပြုလျက်ရှိသည်။

ထိုနည်းအတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကိုလည်း မတ်လ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ယန်းလောစံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၃၆၀၀ ရှိပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)မှ ကတ္တရာပံ့ပိုးမှု၊ နယ်မြေခံ ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရားများနှင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုများဖြင့် ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယန်းလော-ကတ်ထိုက် ကျေးရွာချင်းဆက်လမ်းမှာ မူလက မြေသားလမ်းဖြစ်ပြီး ယခုကဲ့သို့ ကျောက်ချောလမ်းသစ် ခင်းနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ခွင့်ပြုငွေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်အား၊ နည်းပညာ၊ စက်ယန္တရားများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်လမ်းနှင့်တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း ငွေအား၊ လူအားဖြင့် ဝိုင်းဝန်းကူညီလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုခရီးရောက်လျက်ရှိကြောင်း တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံလူဦးရေ၏ အများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိချိန်တွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားလုံးက ကျေးရွာချင်းဆက်လမ်းများ တိုးမြှင့်ဖွင့်လှစ်သည့် လုပ်ငန်းများအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)တွင် အသုံးပြုရန် အချင်း လက်မ ၆၀ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ရေပိုက်များ ထုတ်လုပ်ရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပိုက်ထုတ်လုပ်ရေးစက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ ပိုက်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပိုက်ထုတ်လုပ်ရေး စက်ရုံသို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စက်ရုံမှူး ဦးခင်မောင်ဖူးနှင့် တာဝန်ရှိသူများက စက်ရုံဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်ကြီးများ ထုတ်လုပ်ရန် ဆောင်ရွက်နေမှု အခြေအနေများနှင့် စက်ပစ္စည်းပြောင်းလဲ တပ်ဆင်နေမှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်အား တာဝန်ရှိသူများက စက်ရုံအတွင်း၌ အချင်း လက်မ ၆၀ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ရေပိုက်ကြီးများ ထုတ်လုပ်ရန် လျာထားမှု၊ စက်ယန္တရားများ ပြောင်းရွှေ့တပ်ဆင်နိုင်မှု၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံမဏိကြိုး စသည့် ကုန်ကြမ်းပစ္စည်းများ စုဆောင်းထားရှိမှု၊ မိုပုံစံများ တပ်ဆင်နေမှု အခြေအနေများ၊ အချင်း ၃၆လက်မ၊ အချင်း ၂၄လက်မနှင့် အချင်း ၁၆ လက်မရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ ထုတ်လုပ်ထားရှိမှု၊ တိုးချဲ့ထုတ်လုပ်နိုင်ရန် အဆောက်အအုံ တိုးချဲ့မည့် အခြေအနေများကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် မြို့တော်ဝန်က သတ်မှတ် အရေအတွက် ရရှိရန် အချင်း လက်မ ၆၀ ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ရေပိုက်များ ကြိုးပမ်းထုတ်လုပ်ရေး၊ အရည်အသွေးကောင်းမွန်သည့် ရေပိုက်များဖြစ်စေရန် တိတိကျကျ စစ်ဆေး၍ သွက်လက်လျင်မြန်စွာ ဆောင်ရွက်ကြရေးမှာကြားပြီး တာဝန်ရှိသူများ၏ လုပ်ငန်း လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက် ပေးသည်။ (၁၉)

## မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ထန်းပင်ကုန်းရှိ အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း(အင်းစိန်) (ယခင် စိန်ဂျော့ချ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၆၅ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ)၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၈ရက် နံနက် ၉နာရီခွဲတွင် အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း (အင်းစိန်)၌ ကျင်းပမည်ဖြစ်သည်။ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက်အလှူငွေများကို အလက(၉) အင်းစိန် ဖုန်း-၆၄၀၁၆၉၊ ဦးမြတ်သူရ ဖုန်း-၀၉၅၁ ၂၃၀၅၅၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၆၆၈၆၅၊ ဦးခင်ချို ဖုန်း-၀၉၅၁၃၃၁၀၂၊ ဦးမင်းသူရ ဖုန်း-၀၉၅၁၃၆၂၈၁ တို့ထံ ဆက်သွယ်ထည့်ဝင်နိုင်ကြောင်းသိရသည်။ (က-ပ)

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ အဖွဲ့ဝင်နိုင်ငံသစ်များအတွက် ရည်ရွယ်ကျင်းပသည့် (ASEAN Workshop on the Establishment of Statistics of International Trade for New Members of ASEAN (CLMV Countries) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစာရင်းအင်းထူထောင်ရေးဆိုင်ရာ အာဆီယံအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၃

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ အဖွဲ့ဝင်နိုင်ငံသစ်များအတွက် ရည်ရွယ်ကျင်းပသည့် ASEAN Workshop on the Establishment of Statistics of International Trade for New Members of ASEAN (CLMV Countries) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ Grand Plaza Parkroyal Hotel ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် တာဝန်ရှိသူများ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ Hanns Seidel Foundation, Singapore Representative Office မှ တာဝန်ရှိသူများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံသစ်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအို ပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံများမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ရှေးဦးစွာ Hanns Seidel Foundation, Singapore Representative Office မှ ဒါရိုက်တာ Mr.Karl Peter Schoenfish က ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mr. Dietrich Andreas နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ စသည့် အာဆီယံ အဖွဲ့ဝင်သစ် လေးနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ပါဝင် ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှ ဧပြီ ၅ရက်အထိ ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေး အစီရင်ခံစာဆိုသည်မှာ

အောင်မိုးစံ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်တွင် ၂၀၀၅ ခုနှစ်အတွက် နိုင်ငံတကာလူ့အခွင့်အရေး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ နှစ်စဉ်လူ့အခွင့်အရေး အစီရင်ခံစာဆိုတာဟာ အမေရိကန်တို့ မလိုလားတဲ့နိုင်ငံတွေ၊ အမေရိကန်ရဲ့ ဩဇာမခံတဲ့ နိုင်ငံတွေကို ပစ်မှတ်ထားပြီး ထိုးနှက်တိုက်ခိုက်မှု သက်သက်ဖော်ပြချက်များသာ ဖြစ်ပါတယ်။ ဒီလူ့အခွင့်အရေး အစီရင်ခံစာဟာ အမေရိကန်တို့ကိုယ်တိုင် ပြည်တွင်း၊ ပြည်ပမှာ လူ့အခွင့်အရေး ဖောက်ဖျက်ကျူးလွန်နေမှုတွေကို ဖုံးကွယ်ပြီး သူတို့ကိုယ်တိုင်ကတော့ ခြောက်ပစ်ကင်းသဲလဲစင်လိုဟန်ဆောင်ထားပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာအပေါ် စွပ်စွဲခံရတဲ့ နိုင်ငံအသီးသီးတို့က ပယ်ချခဲ့ကြပါတယ်။

တရုတ်နိုင်ငံကို ပြစ်တင်ဝေဖန်ထားတဲ့ အဲဒီ လူ့အခွင့်အရေး အစီရင်ခံစာအပေါ် တရုတ်နိုင်ငံ အစိုးရရဲ့ တုံ့ပြန်ဝေဖန်တဲ့ အစီရင်ခံစာမှာ လူမျိုးရေးခွဲခြားမှုများမှသည် ရာဇဝတ်မှုခင်းများအထိ အမေရိကန်နိုင်ငံအတွင်း ဖြစ်ပျက်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အသေးစိတ်ဖော်ပြထားပါတယ်။

**"အမေရိကန်နိုင်ငံရဲ့ မြင့်မားနေတဲ့ လူသတ်မှုနှုန်း၊ ပြည်သူတို့ရဲ့ တယ်လီဖုန်း၊ အီးမေးလ်ဆက်သွယ်မှုများကို ခိုးယူနားထောင်မှုနဲ့ အီရတ်တွင် အမေရိကန်တပ်ဖွဲ့များက အီရတ်သတင်းထောက်များကို ဖမ်းဆီးထိန်းသိမ်းမှု စတာတွေကို ထည့်သွင်းဖော်ပြထားပါတယ်။ တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနကတစ်ဆင့် ထုတ်ပြန်သော အဲဒီအစီရင်ခံစာထဲတွင် မိမိတို့ရဲ့ ကိုယ်ပိုင်လူ့အခွင့်အရေးပြဿနာများကို မျှမျှတတ ကိုင်တွယ်ဖြေရှင်းဖို့၊ မိမိတို့ရဲ့ လုပ်ရပ်များကို ပြန်လည်စဉ်းစားသုံးသပ်ဖို့၊ မိမိတို့ရဲ့ လူ့အခွင့်အရေးအခြေအနေများကို တိုးတက်ကောင်းမွန်စေဖို့အတွက် လက်တွေ့ကျကျ လုပ်ဆောင်ဖို့ အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းပါရစေ။ အမေရိကန်နိုင်ငံဟာ သူ့ကိုယ်သူ စံပြဒီမိုကရေစီနိုင်ငံဆိုပြီး ကြွားဝါလေ့ရှိပါတယ်။ သူတို့ ဒီမိုကရေစီကို ကျန်ကမ္ဘာ့နိုင်ငံတွေက အတုယူရမယ့်ပုံစံမျိုး ချီးလေ့ရှိတယ်"** စသဖြင့် ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်ကန်ကလည်း ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ခုမှာ တရုတ်နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာလျက်ရှိကြောင်း၊ တရုတ်အစိုးရဟာ အရာရာတိုင်းတွင် ပြည်သူတို့အပေါ် ထားရှိတဲ့မူဝါဒကို လိုက်နာ စောင့်ထိန်းလျက်ရှိကြောင်း၊ ဥပဒေနဲ့အညီ ဒီမိုကရေစီနိုင်ငံ တိုးတက်ဖြစ်ထွန်းရေးအတွက် များစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတွင် ထိုင်းနိုင်ငံအား လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း စွပ်စွဲထားမှုနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံကလည်း မတ်လ ၁၁ ရက်တွင် ပြစ်တင်ဝေဖန် ပြောဆိုခဲ့တယ်။ ဆင်ဟွာသတင်းဌာနသို့ ပေးပို့ခဲ့တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အစီရင်ခံစာမှာ အမေရိကန်တို့ရဲ့ လူ့အခွင့်အရေး အစီရင်ခံစာမှာ ဖော်ပြထားတဲ့ စွပ်စွဲချက်များဟာ အမှန်တရားနဲ့ အလွန်ဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အခြေအနေနဲ့ စရိုက်လက္ခဏာများရှိကြောင်း၊ အခြား နိုင်ငံတစ်နိုင်ငံရဲ့ အခြေအနေကို မိမိနိုင်ငံရဲ့ အခြေအနေနဲ့လိုက်ပြီး ဆုံးဖြတ်ခြင်းဟာ မမှန်ကန်နိုင်ကြောင်း ဖော်ပြထားပါတယ်။ မကြာသေးခင်က ထုတ်ပြန်တဲ့ အမေရိကန်လူ့အခွင့်အရေး အစီရင်ခံစာဟာ ထိုင်းနိုင်ငံရဲ့ အခြေအနေမှန်နဲ့ မကိုက်ညီကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆီဟာဆက်ကလည်း ပြောကြားခဲ့ပါတယ်။

အလားတူပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေး အစီရင်ခံစာမှာ မြန်မာနိုင်ငံအပေါ် စွပ်စွဲဖော်ပြမှုနဲ့ ပတ်သက်လို့လည်း မြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၀၆ ခုနှစ် မတ်လ ၁၅ ရက်နေ့ သတင်းထုတ်ပြန်ချက်တွင် အခုလို ထည့်သွင်းဖော်ပြထားပါတယ်။

**"မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူကထက် မည်သည့်ပြည်ပနိုင်ငံကမျှပို၍ သယ်ပိုးဆောင်ရွက်နိုင်မည်မဟုတ်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်တစ်ရပ်သာဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံအစိုးရက ရရှိနေသည့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများကို မသိကျိုးကျွန်ပြုထားပါသည်။ သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချလိုက်သည်"**

ဒါတွေဟာ နိုင်ငံအသီးသီးတို့ဟာ ကိုယ်ပိုင်သမိုင်းကြောင်း၊ ကိုယ်ပိုင်အခြေအနေနဲ့ လူမှုဘဝအပေါ် အခြေခံပြီး ဖြစ်ပေါ်တိုးတက်ရတာ ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ဖော်ပြမှုများဖြစ်ပါတယ်။

"လူဟာ စားဝတ်နေရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့ကိုင်စွဲရတဲ့ကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်သလောက်သာ ဆက်ဆံဆောင်ရွက်နိုင်မှာဖြစ်တယ်။ ကုန်လုပ်ဆက်ဆံရေး(လူလူချင်းဆက်ဆံရေး)တွေက မိမိတို့အလိုဆန္ဒရှိတိုင်း မဆောင်ရွက်နိုင်။ အဲဒီ ဆက်ဆံရေး အစုအပေါင်းကို လူ့အဖွဲ့အစည်းရဲ့ စီးပွားရေးစနစ်လို့ဆိုရပါမယ်။ ဒီအခြေခံအုတ်မြစ်ပေါ်မှာသာ လူတွေရဲ့ အသိတွေ၊ ဥပဒေတွေနဲ့ နိုင်ငံရေးစနစ်တွေ ပေါ်ထွန်းရတာဖြစ်တယ်"ဆိုတဲ့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားကို မျက်ကွယ်ပြုပြီး အမေရိကန်တို့ အလိုဆန္ဒစွဲတစ်ခုတည်းနဲ့ ထုတ်ပြန်တဲ့ လူ့အခွင့်အရေးအစီရင်ခံစာသာဖြစ်နေပါတယ်။

လူသားတွေရဲ့ အခြေခံအကျဆုံးလူ့အခွင့်အရေးဟာ စားဝတ်နေရေးပဲဖြစ်ပါတယ်။ လူ့သမိုင်းမှာ လူဟာရှေးဦးပထမ မိမိစားဝတ်နေရေးကို ဦးတည်အားထုတ်တယ်။ ဒီကတစ်ဆင့် ဘာသာကိုးကွယ်မှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှုစတာတွေကို တစ်ဆင့်တက် အားထုတ်လာတာဖြစ်ပါတယ်။ လူမှုတော်လှန်ရေးတွေဟာ စီးပွားရေးတော်လှန်ပြောင်းလဲမှုတွေနဲ့ စတင်လေ့ရှိတယ်။ လူ့အဖွဲ့အစည်းရဲ့ နှလုံးသည်းပွတ်ဟာ စီးပွားရေးကုန်ထုတ်လုပ်ရေးဖြစ်တဲ့အတွက် စီးပွားရေးကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးရင် ဖွံ့ဖြိုးသလောက်ကျန်တဲ့နယ်ပယ်တွေ ဝေဆာကျယ်ပြန့်လာလေ့ရှိတယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။

လူ့အခွင့်အရေးဟာ စကြဝဠာကို စိုးမိုးတယ်ဆိုတဲ့ လူမှုသိပ္ပံတရားဟာ မှန်ပါတယ်။ နိုင်ငံအသီးသီးတို့ရဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနည်းပညာသစ်များ တိုးတက်လာရေးဟာ လူသားက စကြဝဠာကို စိုးမိုးလာမယ့် အခြေခံလူ့အခွင့်အရေးတွေဖြစ်ပါတယ်။ ဒါပေမယ့် ဒီကနေ့ နိုင်ငံတကာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ကိုလိုနီစနစ်အောက်က ဒဏ်ရာဒဏ်ချက်များနဲ့ လွတ်မြောက်လာတဲ့ နိုင်ငံတွေ၊ ဗဟိုချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်က ဒီမိုကရေစီထူထောင်ကူးပြောင်းလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါများက မလိုတစ်မျိုး လိုတစ်မျိုး စီးပွားရေးပိတ်ဆို့ အရေးယူမှု၊ အကူအညီဖြတ်တောက်မှုတွေ လုပ်နေတာဟာ အကြီးအကျယ် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပါတယ်။ ဒါဟာ ခေတ်နောက်ကျန် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူတွေရဲ့လူ့အခွင့်အရေးကိုတစ်ဖက်သတ်ချိုးဖောက်နေမှုပဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာ လူ့အခွင့်အရေးစံများအပေါ် နိုင်ငံရေး သိပ္ပံရှုထောင့်က ရှုမြင်သုံးသပ်ချက်တွေကို အခုလို တွေ့ရပါတယ်။

"လူ့သမိုင်းဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ လူ့အခွင့်အရေးတည်းဟူသော အသိနှင့်ယင်း၏ အတွင်းသဏ္ဍာန်တို့မှာလည်း အဆက်မပြတ် ဖြစ်ပေါ်တိုးတက်လျက်ရှိသည်။

"မျက်မှောက်ကမ္ဘာပေါ်မှာ ဆင်းရဲချမ်းသာ ကွာဟမှု တစ်နေ့တခြားကြီးမားလာလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ အမြောက်အမြား၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ ၃ပုံ ၁ပုံသည် ဆင်းရဲကျပ်တည်းစွာ နေထိုင်မြဲ နေထိုင်နေကြရသေးသည်။ ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများအဖို့ ပြောရလျှင် အရေးတကြီး အလိုအပ်ဆုံး လူ့အခွင့်အရေး ပြဿနာသည် အသက်ရှင်ရပ်တည်ခွင့်နှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးခွင့်တို့ပင် ဖြစ်မြဲ ဖြစ်နေသေးသည်။ ထို့ကြောင့် ဖွံ့ဖြိုးခွင့်ကို ဦးစားပေး အလေးထားသင့်သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအား ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးခွင့်ပြဿနာကို အလေးထားကြရန်၊ အာရုံစိုက်ကြရန် တက်ကြွ ထိရောက်သော စီမံချက်များ ကျင့်သုံး၍ ကမ္ဘာ့စီးပွားရေး စည်းစနစ်တွင် တည်ရှိနေသော တရားမျှတမှုမရှိ၊ နည်းလမ်းမကျသော အခြင်းအရာများ ပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာစီးပွားရေး ပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်အောင် လက်တွေ့ကျကျ ဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုကို ကန့်သတ်ချုပ်ချယ်သောအကျိုးမရှိသည့် အကြောင်းတရားများကို ပြေလျော့စေပြီး တစ်စတစ်စ ပပျောက်သွားစေရန်၊ နိုင်ငံတကာစီးပွားရေး စည်းစနစ်သစ် ထူထောင်ကြရန်၊ လူမျိုးရေးဝါဒ၊ ကိုလိုနီဝါဒ၊ ဖိုလ်ကျလွှမ်းမိုးရေးဝါဒ၊ တိုင်းတစ်ပါးကျူးကျော်မှု၊ သိမ်းပိုက်မှုနှင့် စွက်ဖက်မှုစသည့်ဖွံ့ဖြိုးခွင့်ကို ထိခိုက်စေသော အကြောင်းတရားများ ပပျောက်သွားပြီး ဖွံ့ဖြိုးခွင့် ရပ်လုံးပေါ်ရေးအတွက် အကျိုးရှိသော နိုင်ငံတကာ ပတ်ဝန်းကျင်ဖန်တီးကြရန် လိုအပ်သည်။

ပြည်တွင်းရေးမစွက်ဖက်ရေးမူသည် လူ့အခွင့်အရေးပြဿနာတွင် အသုံးမတည့်ဟု ယူဆသော အဆိုမျိုးသည် စင်စစ်အားဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံများအား လူ့အခွင့်အရေး ပြဿနာတွင် နိုင်ငံ့အချုပ်အခြာအာဏာပိုင်မှုကို စွန့်လွှတ်ရန် တောင်းဆိုခြင်းပင်ဖြစ်ရာ နိုင်ငံတကာ ဥပဒေကို ဖောက်ဖျက်ဆန့်ကျင်ရာ ရောက်ပေသည်။ လူ့အခွင့်အရေးပြဿနာကို အသုံးချ၍ တစ်ပါးနိုင်ငံတို့အား ယင်း၏ တွေးခေါ်မြော်မြင်မှုကို အတင်းအဓမ္မလက်ခံခိုင်းသည့် နိုင်ငံရေး ရည်ရွယ်ချက်သည် မည်သို့သော လူ့အခွင့်အရေးပြဿနာမျှ မဟုတ်တော့ဘဲ တစ်ပါးနိုင်ငံ ပြည်တွင်းရေးကို စွက်ဖက်သည့် အာဏာနိုင်ငံရေး၏ ဖော်ပြချက်သာဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး လှုပ်ရှားမှုအတွင်းမှ ဤသို့သော မှုမမှန်သည့် အခြင်းအရာမျိုးကို ဖယ်ရှားပစ်သင့်သည်။ တည့်မတ်အောင် ပြုပြင်ပေးသင့်သည်။

"မည်သည့်နိုင်ငံမဆို လူ့အခွင့်အရေး ရပ်လုံးပေါ်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးလမ်းကြောင်းတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပကတိ နိုင်ငံတော် အခြေအနေတို့နှင့် ကင်းကွာ၍ မရနိုင်ပါချေ။ ထို့ပြင် အချုပ်အခြာအာဏာပိုင်နိုင်ငံက ပြည်တွင်းဥပဒေပြုမှုဖြင့် လူ့အခွင့်အရေးစနစ်ကို တိကျစွာ အသိအမှတ်ပြုရန်နှင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်" ကုလသမဂ္ဂ(၄၅)ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွင် ထောက်ပြထားသကဲ့သို့ပင် **"နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစနစ်တို့ကို မိမိဘာသာ ရွေးချယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အခွင့်အရေးရှိကြသည်"** (၄၆)ကြိမ်မြောက် လူ့အခွင့်အရေးညီလာခံ ဆုံးဖြတ်ချက်တွင်လည်း "ယဉ်ကျေးမှုအားလုံးနှင့် ပြည်သူအားလုံးအတွက် အသုံးတည့်သည့် တစ်မျိုးတည်းသော ဖွံ့ဖြိုးမှုပုံစံမျိုး မည်သို့မျှမရှိနိုင်ဟု ထောက်ပြထားသည်။ မိမိ၏ပုံစံကို သတ်မှတ်စံအဖြစ်ထား၍ အခြားနိုင်ငံများအား ဝေဖန် အကဲဖြတ်ခြင်း၊ မိမိ၏ပုံစံကို တစ်ပါးသူအပေါ် အတင်းအဓမ္မပုံသွင်းခြင်းတို့သည် မသင့်လျော်ရုံသာမက လုံးဝလည်း ကျင့်သုံးရန်မဖြစ်နိုင်ချေ။ ထို့ကြောင့် လူ့အခွင့်အရေး နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု၏ အဓိက ရည်ရွယ်ချက်များနှင့် လှုပ်ရှားမှုများသည် နိုင်ငံတကာလူ့အခွင့်အရေး နယ်ပယ်၏ ပုံမှန်ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အနိုင်နိုင်ငံအကြားမှ သင့်မြတ်ရေး၊ အပြန်အလှန်နားလည်ရေး၊ အပြန်အလှန်လေးစားရေးကိုလည်းကောင်း တိုးတက်ဖြစ်ထွန်းစေရမည်ဖြစ်သည်။ အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့်မတူ ခြားနားသော သမိုင်းကြောင်း၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနောက်ခံရှိ နိုင်ငံများ၏ လူ့အခွင့်အရေးအပေါ် အမြင်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြသည်။ တူညီချက်များကိုရှာ၍ ခြားနားချက်များကို အသာထားရေး၊ အပြန်အလှန်လေးစားရေး၊ နားလည်မှုတိုးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှုအားဖြည့်ရေး စိတ်ဓာတ်တို့ကို အရင်းခံ၍ ဆောင်ရွက်သင့်ကြသည်။"

ဒါကြောင့် နှစ်စဉ်ထုတ်ပြန်နေကျဖြစ်တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လူ့အခွင့်အရေး အစီရင်ခံစာဆိုတာဟာ ၎င်းတို့ မလိုလားသော နိုင်ငံများ၊ ၎င်းတို့ရဲ့ ဩဇာမခံသော နိုင်ငံများအပေါ် မလိုတစ်မျိုး၊ လိုတစ်မျိုး ပစ်မှတ်ထား တိုက်ခိုက်ဖို့ ဖန်တီးထားမှု တစ်ရပ်သာ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

မည်သည့်နိုင်ငံမဆို လူ့အခွင့်အရေး ရပ်လုံးပေါ်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးလမ်းကြောင်းတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပကတိ နိုင်ငံတော် အခြေအနေတို့နှင့် ကင်းကွာ၍ မရနိုင်ပါချေ။



ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်သို့လာရောက် လေ့လာကြသည့် ကမ္ဘာလှည့်ခရီးသည်များအား ဧပြီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘောဒီးယားနိုင်ငံ၌ ဂျီဒီပီ တိုးတက်မှုနှုန်း ပိုမိုမြင့်တက်လာ

ဖနောင်ပင် ဧပြီ ၂

**ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးစွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာခြင်းနှင့်အတူ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်မှုနှုန်းမှာ လွန်ခဲ့သည့်နှစ်က ၁၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယင်းမှာ မူလခန့်မှန်းချက် ၇ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားကြောင်း ကမ္ဘောဒီးယားနေ့စဉ် အမည်ရှိ သတင်းစာက သောကြာနေ့တွင် ရေးသားဖော်ပြသည်။**

အစိုးရက ထုတ်ပြန်သော ပဏာမအစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၀၅ခုနှစ်တွင် ၉ ဒသမ ၈ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

### ပိုမိုမြင့်မားလာ

ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ အဝတ်အထည်ထုတ်လုပ်မှု လုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားကဏ္ဍများတွင် တိုးတက်မှုများရရှိခြင်းကြောင့် ဂျီဒီပီတိုးတက်မှုနှုန်း ပိုမိုမြင့်မားလာခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ၃၅ရာခိုင်နှုန်း မြင့်တက်လာသည်။ အဝတ်အထည်ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍမှာ ၁၀ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရာမှ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံဖိုး ထုတ်လုပ်နိုင်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုတန်ဖိုးမှာ အံ့အားသင့်ဖွယ်ရာကောင်းလောက်အောင်ပင် မြင့်မားလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတိုးတက်မှုနှုန်းသည် ၂၀၀၄ခုနှစ်က နှစ်ရာခိုင်နှုန်းမျှသာ ရှိခဲ့ရာမှ လွန်ခဲ့သည့်နှစ်တွင် ၁၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

### စိုက်ပျိုးရေးနည်းစနစ်သစ်

မိုးရွာသွန်းမှုကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်သစ်များ ကျင့်သုံးနိုင်ခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုလုပ်ငန်းများ မြင့်မားလာကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မှုခင်းဆေးပညာဆိုင်ရာ ခေတ်မီဓာတ်ခွဲခန်း ပါကစ္စတန်နိုင်ငံတွင် ပထမဆုံးဖွင့်လှစ်

**အစ္စလမ္မာဘတ် ဧပြီ ၂**

ဒီအင်အေ စမ်းသပ်မှုများအပါအဝင် စမ်းသပ်စစ်ဆေးမှုအမျိုးမျိုး ပြုလုပ်နိုင်သည့် မှုခင်းဆေးပညာဆိုင်ရာ သိပ္ပံဓာတ်ခွဲခန်းတစ်ခန်းကို ပါကစ္စတန်နိုင်ငံတွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

မှုခင်းဆေးပညာဆိုင်ရာ ခေတ်မီသိပ္ပံဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ရန် တရုတ်နိုင်ငံက အကူအညီပေးခဲ့သည်။ ယင်းသိပ္ပံ ဓာတ်ခွဲခန်းတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကိုလည်း တရုတ်အစိုးရက ထောက်ပံ့ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အတတ်အာမတ်ခန်က သိပ္ပံဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ခေတ်မီတိုးတက်နေသော ခေတ်တွင် မှုခင်းများကို စုံစမ်းစစ်ဆေးရာတွင် ထိရောက်မှုရှိစေရန် အဆင့်မြင့် နည်းပညာသုံး သိပ္ပံဓာတ်ခွဲခန်းများ လိုအပ်ကြောင်း၊ ယခုဖွင့်လှစ်လိုက်သော မှုခင်းဆေးပညာဆိုင်ရာ သိပ္ပံဓာတ်ခွဲခန်းသည် ရာဇဝတ်မှုခင်းများကို စုံစမ်းစစ်ဆေးရာတွင် ရဲတပ်ဖွဲ့အတွက် အထောက်အကူရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒီအင်အေ နည်းပညာသည် ရာဇဝတ်မှုခင်းများနှင့်ပတ်သက်၍ သဲလွန်စများဖော်ထုတ်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ရာဇဝတ်ပြစ်မှု ကျူးလွန်သူများသည် ခေတ်မီတိုးတက်လာသော နည်းလမ်းများသုံး၍ ပြစ်မှုကျူးလွန်မှုများရှိလာရာ မှုခင်းများကို ဖော်ထုတ်ရာတွင် နောက်ဆုံးပေါ် သိပ္ပံနည်းပညာများကို အသုံးပြုရန် လိုအပ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ပါကစ္စတန်အစိုးရက ရာဇဝတ်ကောင်များနှင့် ပတ်သက်နေသော ကွန်ပျူတာ အချက်အလက် အခြေခံမှတ်တမ်းမှတ်ရာ စနစ်ကိုလည်း ထူထောင်ထားပြီး ဖြစ်ကြောင်း၊ မှုခင်းစုံစမ်းဖော်ထုတ်သည့် လုပ်ငန်းတွင် ခေတ်မီနည်းစနစ်များကို အသုံးပြုခြင်းဖြင့် အမှန်တကယ် ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ မှားယွင်းဖမ်းဆီးခံရသူ ဦးရေကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်အနောက်မြောက်ပိုင်း၌ ယာဉ်တိမ်းမှောက်မှုဖြစ် ဗြိတိန်နိုင်ငံသားရှစ်ဦး ဒဏ်ရာရ

**ဇီအန် ဧပြီ ၂**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ် ဇိုဇီခရိုင် အဝေးပြေးလမ်းမပေါ်၌ မတ် ၂၇ ရက်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ ဗြိတိန်နိုင်ငံသား ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ နိုင်ငံခြားရေးဌာန တာဝန်ရှိသူက မတ် ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ဒဏ်ရာရရှိကြသူများတွင် တစ်ဦးသည် ဒဏ်ရာပြင်းထန်ကြောင်း၊ ကျန်သူများသည် ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

ဒေသဆိုင်ရာ၌ မှတ်ပုံတင်ထားသော အဆိုပါ ဘတ်စ်ကားသည် ရှန်ဇီပြည်နယ် ဖိုပင်ဒေသရှိ လင်ဒါသဘာဝသစ်တောသို့ သွားရောက်လည်ပတ်ရန် မတ် ၂၇ ရက်တွင် ထွက်ခွာခဲ့သည်။ ထိုကားပေါ်၌ ဗြိတိန်သဘာဝ ပတ်ဝန်းကျင်လေ့လာသူ စေတနာ့ဝန်ထမ်း ၁၅ ဦး လိုက်ပါလာကြသည်။

၎င်းတို့သည် ခရီးစဉ်မှ ပြန်အလာတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ဘတ်စ်ကား မောင်းသူသည် မော်တော်ဆိုင်ကယ်ကို ရှောင်လိုက်စဉ် ယာဉ်ကို မထိန်းသိမ်းနိုင်တော့ဘဲ လမ်းဘေးသို့ တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

### အကူအညီပေး

အခင်းဖြစ်ပွားရာသို့ ဒေသဆိုင်ရာ ရွာသားများ အကူအညီပေးရန် သွားရောက်ခဲ့ကြသည်။

ဇီအန်မြို့ ဆေးရုံသို့ ဒဏ်ရာရရှိခဲ့သူအားလုံးကို ပို့ဆောင်ခဲ့ပြီး ဒဏ်ရာမရရှိသူ ခုနစ်ဦးကို ထိုမြို့ရှိ ဟိုတယ်သို့ ပို့ဆောင်ပေးခဲ့သည်ဟု ၎င်းက ပြောဆိုခဲ့သည်။ အခင်းဖြစ်ပွားရသည့်အကြောင်းရင်းကို ထပ်မံစုံစမ်းဆဲဖြစ်သည်ဟု သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ရေပြဿနာဖြေရှင်းရေး နိုင်းမြစ်ဝှမ်းနိုင်ငံများ ကော်မရှင်ထူထောင်မည်

**အဒစ္စအဘာဘာ ဧပြီ ၂**

နိုင်းမြစ်ဝှမ်းဒေသရှိ နိုင်ငံများသည် ရေခွဲဝေသုံးစွဲရေးဆိုင်ရာ အငြင်းပွားမှုကို ဖြေရှင်းနိုင်ရေးအတွက် ကော်မရှင်တစ်ရပ်ကို ထူထောင်ရန် စနေနေ့တွင် သဘောတူညီလိုက်သည်။

### သဘောတူညီ

နိုင်းမြစ်ဆိုင်ရာ ဝန်ကြီးများကောင်စီ၏ အထူးအစည်းအဝေးကို နှစ်ရက်ကြာကျင်းပခဲ့ရာတွင် ရေပြဿနာဖြေရှင်းရေး အမြဲတမ်း ကော်မရှင်တစ်ရပ်ကို ထူထောင်သွားရန် သဘောတူညီကြခြင်းဖြစ်သည်။ နိုင်းမြစ်ဝှမ်း နိုင်ငံများ၏ ကော်မရှင်ကို ယူဂန္ဒာနိုင်ငံမြို့တော် ကမ်ပါလာတွင် အခြေစိုက်ထူထောင်ရန်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

### လက်မှတ်ရေးထိုး

နိုင်းမြစ်ဝှမ်းရှိ ဘူရွန်ဒီ၊ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ အီဂျစ်၊ အီသီယိုးပီးယား၊ ကင်ညာ၊ ရဝမ်ဒါ၊ ဆူဒန်နှင့် တန်ဇန်းနီးယားနိုင်ငံတို့သည် ရေပြဿနာ ဖြေရှင်းရေး ကော်မရှင် ထူထောင်ရန် နှစ်ပေါင်း အတန်ကြာမျှ ညှိနှိုင်းလာခဲ့ပြီးနောက် ယခုကျင်းပသော အထူးအစည်းအဝေးတွင် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘင်္ဂလားဒေ့ရှ်၌ မြေပြို၊ အလုပ်သမားလေးဦး သေဆုံး

ဒါကာ ဧပြီ ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းပြည်နယ် အရှေ့တောင်ပိုင်း ဘာမာချာရာကျေးရွာတွင် မြေပြိုမှုဖြစ်ပွားရာ အလုပ်သမားလေးဦး သေဆုံးသွားကြောင်း ယူအင်ဘီ ပုဂ္ဂလိကသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

### —— ပြောကြား ——

သေဆုံးသူလေးဦးအနက် သုံးဦးမှာ ချက်ချင်းသေဆုံးသွားပြီး တစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင် သေဆုံးရခြင်းဖြစ်သည်။ ဒေသစံတော်ချိန် စနေနေ့ နံနက် ၅ နာရီ (ဂရင်းနစ်စံတော်ချိန် ၂၃၀၀ နာရီ)တွင် အလုပ်သမားများက တောင်ကုန်းကို ဖြိုချနေစဉ် ၎င်းတို့လေးဦးအပေါ်သို့ မြေစိုင်တုံးကြီး ပြိုကျလာကြောင်း အသက်ရှင်ကျန်ရစ်သူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျာမနီနိုင်ငံအရှေ့ပိုင်း လိုက်ပဇစ်မြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ကားပြပွဲကို ဧပြီ ၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## နိုင်ငံတကာသတင်းများ

# ဘဂ္ဂဒက်မြို့အနီး ကန်ရဟတ်ယာဉ်ပျက်ကျ

**ဘဂ္ဂဒက် ဧပြီ ၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး ပျက်ကျသွားသော အပါချီ အမေရိကန် စစ်ရဟတ်ယာဉ်ပေါ်မှ လေသူရဲနှစ်ဦး၏ အလောင်းများကို ပြန်လည်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက် သတင်းရပ်ကွက်က ဧပြီ ၂ရက်တွင် ပြောကြားသည်။

အပါချီလောင်ဘိုး အေအိတ်ချ်-၆၄ ဒီ အမျိုးအစား တိုက်ခိုက်ရေး ရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြို့၏ အနောက်တောင်ဘက် ၁၀မိုင်ခန့်အကွာရှိ ယူဆွတ်ဖီယာအရပ်တွင် တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်နေစဉ် ဧပြီ ၁ရက် ညနေ ၅နာရီခွဲခန့်က ပစ်ချခံရသည်ဟု ယူဆရကြောင်း သတင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်တွင် ဓားစာခံအဖြစ် ဖမ်းဆီးခံထားရရာမှ ပြန်လည်လွတ်မြောက်လာသော အမေရိကန်သတင်းထောက် ဂျီးလ်ကာရိုးလ်ကို ဂျာမနီနိုင်ငံရှိ အမေရိကန်လေတပ်အခြေစိုက်စခန်း၌ ဧပြီ ၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)




**အိန္ဒိယနှင့် နီပေါနိုင်ငံတို့ နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်ရာ နယ်စပ်ဝင်ပေါက်တစ်နေရာကို ဧပြီ ၂ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# လူဝင်မှုကြီးကြပ်ရေးဥပဒေသစ်ကို ကန့်ကွက် အမေရိကန်တွင် လူ ၁၀၀၀၀ကျော် ဆန္ဒပြ

**နယူးယောက် ဧပြီ ၂**

အမေရိကန်နိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေးဥပဒေသစ် ပြဋ္ဌာန်းရန် စီစဉ်နေခြင်းနှင့်ပတ်သက်၍ ကန့်ကွက်သူ လူထောင်ပေါင်းများစွာက နယူးယောက်မြို့တွင် စနေနေ့က ချီတက်ဆန္ဒပြကြသည်။ ဆန္ဒပြသူများသည် ကြွေးကြော်သံများကို ဟစ်ကြွေးလျက် ဘရွတ်ကလင်းတံတားကြီးပေါ် ဖြတ်သန်းချီတက်၍ ဆန္ဒပြကြသည်။

ဆန္ဒပြသမား ၁၀၀၀၀ ကျော်အနက် အများစုမှာ လက်တင်အမေရိကနိုင်ငံများမှ အမေရိကန်နိုင်ငံသို့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်လုပ်ကိုင်သော အလုပ်သမားများဖြစ်ကြသည်။ မိမိတို့သည် ရာဇဝတ်ကောင်များ မဟုတ်၊ ရွှေ့ပြောင်းနေထိုင်သည့် အခွင့်အရေးများရရှိထိုက်သည် စသည့် စာတန်းများ ပါရှိသော ပိုစတာများ ကိုလည်းကောင်း၊ အလံများကိုလည်းကောင်း ကိုင်စွဲကာ ဆန္ဒပြကြသည်။

မိမိတို့သည် ရွှေ့ပြောင်းအလုပ်သမားများသာလျှင် ဖြစ်ကြပြီး အကြမ်းဖက်သမားများမဟုတ်ကြောင်း ဩဂတ်စတင်းရန်ဂဲလ်အမည်ရှိ ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။ ၎င်းသည် လွန်ခဲ့သည့်လေးနှစ်က မက္ကဆီကိုနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သူဖြစ်ပြီး အဆောက်အအုံဆေးသုတ်သူနှင့် အဖျော်ယမကာဆိုင် အလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်နေသူဖြစ်သည်။ မိမိတို့သည် အမေရိကန်နိုင်ငံအတွက်ရော မိသားစုအတွက်ပါ အကျိုးကျေးဇူးရရှိအောင် အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နယူးယောက်မြို့တွင်သာမက လော့စ်အိန်ဂျလိစ်နှင့် အခြားသောမြို့ကြီးများတွင်လည်း အလားတူ ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကုန်စည်ဖြတ်သန်း သယ်ဆောင်ခြင်းဆိုင်ရာ စာချုပ်သစ် နီပေါနှင့် အိန္ဒိယတို့ လက်မှတ်ရေးထိုး

**ခတ္တမန္ဒူ ဧပြီ ၂**

နီပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကုန်စည်ဖြတ်သန်းခြင်းဆိုင်ရာ စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း နီပေါနိုင်ငံပိုင် ရေဒီယိုက စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

နီပေါနှင့် အိန္ဒိယနိုင်ငံတို့သည် ကုန်စည်ဖြတ်သန်းခြင်းဆိုင်ရာ လက်ရှိစာချုပ်ကို ပြင်ဆင်မှုများပြုလုပ်ကာ စာချုပ်သစ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ရေဒီယိုနီပေါက သတင်းဖော်ပြသည်။ စာချုပ်သစ်အရ နီပေါနိုင်ငံသည် မီချီ၊ ဘီရာနာဂါ၊ ဘီဂွန်၊ ဘာရာရာဟာဝါနှင့် မဟိန္ဒြာနာဂါးတို့ အပါအဝင်ဖြစ်သည့် အဓိကနယ်ခြားဒေသ ငါးခုမှတစ်ဆင့် အရေးကြီးသည့် ကုန်ပစ္စည်းများကို ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

***အင်အင်အေ၊ဆင်ဟွာ။***

# ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအစီအမံများ အင်ဒီးစ်တောင်တန်းဒေသနိုင်ငံများ ချမှတ်ဆောင်ရွက်

ဘိုဂိုတာ ဧပြီ ၂

**အင်ဒီးစ်တောင်တန်းဒေသ နိုင်ငံများသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားလာခြင်း မရှိစေရေးအတွက် လိုအပ်သောအစီအမံများကို ပူးတွဲချမှတ် အကောင်အထည်ဖော်ရန် ဒေသဆိုင်ရာနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများက စနေနေ့တွင် ကိုလံဘီယာ၌ ပြုလုပ်သောအစည်းအဝေး၌ သဘောတူညီလိုက်ကြသည်။**

ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှု တားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စနစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးများ၏ နှစ်ရက်ကြာ အစည်းအဝေးတွင် သဘောတူညီကြသည်။ အဆိုပါအစည်းအဝေးသည် ဘိုလီဗီးယား၊ ချီလီ၊ ကိုလံဘီယာ၊ ပီရူးနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများနှင့် အီကွေဒေါ နိုင်ငံခြားရေးဝန်ကြီး၏ ကိုယ်စားလှယ်တစ်ဦးတို့ တက်ရောက်ကြသည်။

**အပြန်အလှန်ဖလှယ်**

ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအစီအစဉ်အရ အင်ဒီးစ်တောင်တန်းဒေသရှိ ခြောက်နိုင်ငံသည် ရောဂါတားဆီးကာကွယ်ရေး အစီအမံများကို တင်းတင်းကျပ်ကျပ် ပြုလုပ်သွားကြမည့်အပြင် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်သွားကြမည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကိုကင်းနှစ်တန် ကိုလံဘီယာ၌ သိမ်းဆည်းရမိ

**ဘိုဂိုတာ ဧပြီ ၂**

ဘိလပ်မြေအိတ်များအတွင်း ဝှက်ထားသည့် ကိုကင်းနှစ်တန်ကို ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်း ကော်ဒိုဘာပြည်နယ်ရှိ လမ်းမကြီးတစ်လမ်းပေါ်တွင် လားဆွဲသည့်လှည်းတစ်စီးပေါ်မှ သိမ်းဆည်းရမိလိုက်ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

**ကြိုးပမ်း**

လှည်းမောင်းသူကို ဖမ်းဆီးလိုက်ကြောင်း၊ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်မှု၏ မူရင်းဇာစ်မြစ်ကို ဖော်ထုတ်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း ရဲမှူးကြီး ဂျမီဗီလက်စ်ကိုက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**တရုတ်နိုင်ငံ ရှန်တုန်ဒေသမှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ကယ်ဆယ်ရေးဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်နေသည်ကို ဧပြီ ၂ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံခြားသတင်းများ

# ဇီဝမျိုးစုံလင်မှု ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်ရန်လို

**ကာရီတီဘာ (ဘရာဇီး) ဧပြီ ၂**

ဇီဝမျိုးစုံလင်မှု ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံတစ်ရပ်ကို ဘရာဇီးနိုင်ငံ ကာရီတီဘာမြို့တွင် ကျင်းပခဲ့ရာ သောကြာနေ့တွင် ပြီးဆုံးသွားသည်။

ဇီဝမျိုးစုံလင်မှု ထိန်းသိမ်းစောင့်ရှောက်ရေး ကုလသမဂ္ဂ ညီလာခံတွင် ကိုယ်စားလှယ်များ အကြိတ်အနယ်ဆွေးနွေးခဲ့ကြသော်လည်း အပြီးသတ်သဘောတူညီချက်တစ်ရပ်ကိုမျှ မရရှိခဲ့ကြပေ။

**ပျောက်ဆုံးနိုင်**

ဇီဝမျိုးစုံလင်မှုကို ထိန်းသိမ်းနိုင်ခြင်း မရှိပါက ကမ္ဘာပေါ်ရှိ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ ပျောက်ဆုံးသွားနိုင်ဖွယ်ရှိသည်။

ဇီဝမျိုးစုံလင်မှု ထိန်းသိမ်းစောင့်ရှောက်ရေး ကုလသမဂ္ဂညီလာခံ ကျင်းပခြင်းမှာ ယခုအခါ ရှစ်ကြိမ်ရှိခဲ့ပြီဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် ညီလာခံတွင် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။ လွန်ခဲ့သည့် လေးနှစ်က ကျင်းပခဲ့သော ညီလာခံတွင် ကတိပြုခဲ့ကြသည့်အတိုင်း အကောင်အထည်ဖော်နိုင်ခြင်းရှိ၊ မရှိ သုံးသပ်ဆွေးနွေးကြသည်။

**လျှော့ချ**

ကုလသမဂ္ဂ၏ ရည်မှန်းချက်မှာ ၂၀၁၀ပြည့်နှစ်ထက်နောက်မကျဘဲ ဇီဝမျိုးစိတ်များ ဆုံးရှုံးရမှုအခြေအနေကို တစ်ကမ္ဘာလုံး အတိုင်းအတာအရ လျှော့ချပေးနိုင်ရန်ဖြစ်သည်။ ခေတ်ပြိုင်သမိုင်းတွင် ကမ္ဘာ့ဇီဝ မျိုးစိတ်ဆုံးရှုံးရမှုအတိုင်းအတာမှာ ရှေးအခါကာလက ထက်ပိုမိုကြီးမားလာကြောင်း ကျွမ်းကျင်သူပညာရှင်များက သတိပေးသည်။

**အမြောက်အမြားရှိ**

သိပ္ပံပညာရှင်များသည် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစိတ်များ အရေအတွက်အားဖြင့် ၁၀သန်းခန့်အထိ ရှိမည်ဟု ခန့်မှန်းထားသည်။ ယင်းအနက် အစိတ်အပိုင်းတစ်ရပ်ကိုသာ အတည်ပြုနိုင်ပြီးဖြစ်သည်။ သိပ္ပံပညာရှင်များက အတည်ပြုနိုင်ခြင်းမရှိ သေးသော ဇီဝမျိုးစိတ် အမြောက် အမြားရှိနေသေးသည်။

မျိုးစိတ်သစ်များကို ရှာဖွေတွေ့ရှိခြင်းမတိုင်မီမှာပင် မျိုးစိတ်များ ပျောက်ကွယ်သွားနိုင်သည်ဟု သိပ္ပံပညာရှင်များက သတိပေးထားသည်။

**ထိခိုက်နိုင်**

ကမ္ဘာကြီး ပူနွေးလာမှုပြဿနာသည် ဇီဝမျိုးစုံလင်မှုကို ထိခိုက်နိုင်သည်။ ဆင်းရဲနွမ်းပါးသော နိုင်ငံများသည် ဇီဝမျိုးစုံလင်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြဿနာများရှိနေသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ဘရာဇီး နိုင်ငံ အမေဇုန် သစ်တောဒေသမှ ရှားပါး လိပ်ပြာတစ်ကောင်ကို ဧပြီ ၂ ရက်က တွေ့ရ စဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီထူထောင်ရေး သဘောတူညီချက် လက်မှတ်ရေးထိုး မဂ္ဂါဝပ် ၇၁၁၀ ရှိ ရေအားလျှပ်စစ်စက်ရုံကို ၁၅နှစ်အတွင်း အပြီးတည်ဆောက်မည်

ရန်ကုန် ဧပြီ ၃

**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲ နှင့် မိုင်းတုံမြို့နယ်အကြား သံလွင်မြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်မည့် တာဆန်းရေအားလျှပ်စစ် စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ရန်အတွက် တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီထူထောင်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်၍ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်ကိုပေးအပ်သည်။**

အဆိုပါ အခမ်းအနားသို့ ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ-ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ထိုင်း နိုင်ငံ MDX Group of Companies မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Electricity Generation Authority of Thailand Co., Ltd မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံမှူး Mr. Prasas Prasasvinitchaiနှင့်သံရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သဘောတူညီချက်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် ထိုင်းနိုင်ငံ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သော MDX Group of Companies ၏ အမှုဆောင်ဒါရိုက်တာ Mr. Roy Jutabha တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ကိုပေးအပ်ရာ အဆိုပါ ဖက်စပ်ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ Mr. Roy Jutabha က လက်ခံသည်။

တာဆန်း ရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီသည် တာဆန်းတံတား၏ အထက်ဘက် သံလွင်မြစ်ပေါ်၌ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၇၁၁၀ ရေအားလျှပ်စစ်စက်ရုံကို အမေရိကန်ဒေါ်လာသန်းပေါင်း ၆၀၀၀ ခန့် ရင်းနှီးမြှုပ်နှံ တည်ဆောက်မည်ဖြစ်သည်။ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား တစ်စိတ်တစ်ပိုင်းကို မြန်မာနိုင်ငံအတွင်း အခမဲ့အသုံးပြုခွင့် ရရှိမည်ဖြစ်သည့်အပြင် ကျန်ရှိသော လျှပ်စစ်ဓာတ်အားအများစုကို ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချသွားမည်ဖြစ်သည်။ ထိုသို့ရောင်းချမှုအပေါ် မြန်မာနိုင်ငံမှ အခမဲ့အစုရှယ်ယာနှင့် အခွန်အခများလည်း ရရှိမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းကို ၂၀၀၄ခုနှစ် နှစ်ဆန်းမှစတင်၍ အကြိုအင်ဂျင်နီယာ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ရေးကာလ ၁၅ နှစ်အတွင်း အပြီးတည်ဆောက်၍ အဆင့်ဆင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)




**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် ထိုင်းနိုင်ငံ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သော** MDX Group of Companies **၏ အမှုဆောင်ဒါရိုက်တာ** Mr. Roy Jutabha **တို့ တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းထူထောင်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

## ပြန်/ဆက်ညွှန်ကြားရေးမှူးချုပ် စာကြည့်တိုက်များစစ်ဆေး

**မိတ္ထီလာ ဧပြီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် မတ် ၂၀ရက်မွန်းလွဲပိုင်းက မိတ္ထီလာမြို့ ရှမ်းတဲကျေးရွာအုပ်စု၊ ရှမ်းတဲကျေးရွာ အလင်းရောင်စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး၊ စာအုပ်စာစောင်များ၊ စာဖတ်အသင်းဝင်များ တိုးတက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ လှူဒါန်းသည့် သုတ/ရသ စာအုပ် ၈၀၀ကို အလှူရှင် ကိုယ်စား ဦးမြသောင်းက ပေးအပ်လှူဒါန်းရာ လက်ခံရယူပြီး စာကြည့်တိုက် ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က စာအုပ်မျိုးစုံ တန်ဖိုးကျပ် ၃၀၀၀၀ ခန့်ကို အုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ညွှန့်ထံပေးအပ်လှူဒါန်းသည်။



ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် မွန်းလွဲ ၂ နာရီတွင် ဓောင်းချမ်းကုန်း ကျေးရွာအုပ်စု၊ မကျီးချောက်ကျေးရွာ မျိုးမြန်မာ စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ တန်ဖိုးကျပ်၃၀၀၀၀ခန့်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းက လက်ခံရယူခဲ့သည်။

(ခရိုင် ပြန်/ဆက်)

### လက်ခံရယူ

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ရှမ်းတဲကျေးရွာ အလင်းရောင် စာကြည့်တိုက်တွင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပေးပို့လှူဒါန်းသည့် သုတ/ရသ စာအုပ် ၈၀၀ကိုလက်ခံရယူစဉ်။**(ပြန်/ဆက်)



## ရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၃**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊အတွင်းရေးမှူး၊ အမှုဆောင်များနှင့်အသင်းဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်က အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)** ထို့နောက်အသင်းအတွင်းရေးမှူး ဦးကျော်ဝင်းက အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက်တက်ရောက်လာသည့် အသင်းဝင်ရွှေဆိုင်များ၊ ရွှေလုပ်ငန်းရှင်များက ဆွေးနွေးအကြံပြုတင်ပြကြသည်။ ထို့နောက်အသင်းဥက္ကဋ္ဌဦးသူတော်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် မဟာသင်္ကြန် တရားစခန်းပွဲ

**ရန်ကုန် ဧပြီ ၃**

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်း သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဝိပဿနာ (၆၄)ကြိမ်မြောက် မဟာသင်္ကြန်ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ဆရာဦးသိန်းဆွေနှင့် တရားဟော ဓမ္မကထိကများက ဟောပြောပြသကြမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁၀ရက်ညနေ ၅ နာရီအရောက် စာရင်းပေးသွင်းကြရန်နှင့် ရိပ်သာ ဆောက်လုပ်ရန်နှင့် ဆွမ်းလှူဒါန်းလိုသူများဥက္ကဋ္ဌဦးကျော်ဦး ဖုန်း-၂၄၇၀၂၇၊ ၀၉၉၉ ၂၀၆၁၇၊ ဒု-ဥက္ကဋ္ဌ ဦးခင်လှိုင် ဖုန်း-၀၉၉၉၂၁၁၅၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

## အထွဋ်ရှုစေတီတော် ရွှေထီးတော်တင်လှူ

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာတွင် ဦးထွန်းရှိန်နှင့်သား၊ သမီး၊ မြေးများ တည်ထားသည့် သာသနကာရီ သိမ်အထွဋ်ရှုစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာ အလှူမင်္ဂလာအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၆ နာရီခွဲတွင်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏ အမှူးပြုသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်း သံဃ နာယကဆရာတော်နှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ အလှူဒါယကာများက ဌာပနာသွင်းလှူပူဇော်ကြ၍ ရွှေထီးတော်တင်၊မြသပိတ်နှင့် ရွှေကြာသက်န်းတော်များ ကပ်လှူကြကာ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(က-ပ)

## ခရမ်းဝမဟာစည် အထူးတရားစခန်းပွဲ

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ် ခရမ်းဝကျေးရွာ ခရမ်းဝမဟာစည် သာသနာ့ရိပ်သာတွင် တတိယအကြိမ်မြောက် သင်္ကြန်တွင်း အထူးတရားစခန်းပွဲကို (၁၃၆၇ခု တန်ခူးလဆန်း ၁၃ရက်မှ တန်ခူးလပြည့်ကျော် ၅ရက်) ဧပြီ ၁၀ ရက်မှ ဧပြီ ၁၇ ရက်ထိ မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ သာသနာပြု ညောင်ကန်အေးဆရာတော်၏တပည့်များဖြစ်သောမဟာစည် နယ်လှည့်ဓမ္မကထိက အရှင်သုမင်္ဂလ မန္တလေး၊ ထီလာအရှင် ဉာဏိဿရ ညောင်ကန်အေး၊ အရှင်ဓမ္မရာဇာ ခရမ်းဝ ဆရာတော်အရှင်မြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။

(က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၄-၄-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၅ | ၇။ | ခါသင်္ကြန်အဆိုအကများ |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၁၅ | ၄။ | ခါသင်္ကြန်အဆိုအကများ |
| ၄:၂၀ | ၅။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၃၀ | ၆။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄:၄၀ | ၇။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၅၀ | ၈။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၉။ | ပညာခေတ် |
| ၅:၃၀ | ၁၀။ | ခါသင်္ကြန်အဆိုအကများ |
| ၅:၄၅ | ၁၁။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၆။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၇။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နန်းတွင်းရတနာ (အပိုင်း-၂၇)** |
| ၈:၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၀။ | ကျန်းမာသုတ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကောင်းကင်သိုင်းကွက် (အပိုင်း-၁၈)** |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

**ထူးထူးခြားခြား**
**အင်တာနက် စီးပွား**

# အာရှ၌ ပထမဆုံး လေယာဉ်မှူးသင်တန်းကျောင်း ဖိလစ်ပိုင် အထူးစီးပွားရေးဇုန်၌ ဖွင့်လှစ်မည်

**ပမ်ပန်ဂါ ဧပြီ ၃**

ကုသန်းရောင်းဝယ်ရေးဆိုင်ရာ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမှု ပြုလုပ်နိုင်စေရန် ဖိလစ်ပိုင်နိုင်ငံတွင် လာမည့်မေလမှစ၍ လေယာဉ်မှူးသင်တန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ရန် ပြင်ဆင်မှုများပြုလုပ်ထားပြီဖြစ်ကြောင်း၊ မတ် ၃ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ လေယာဉ်မှူးသင်တန်းကျောင်းသည် အာရှတိုက်တွင် ပထမဆုံးဖွင့်လှစ်သော လေယာဉ်မှူးလေ့ကျင့်ရေးအဖွဲ့အစည်းဖြစ်လာမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံရှိ ကလပ်အထူးစီးပွားရေးဇုန် နယ်မြေတွင် ဖွင့်လှစ်မည့် လေယာဉ်မှူး သင်တန်းကျောင်း ထူထောင်ဖွင့်လှစ်နိုင်ရန် ကလပ်ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း(စီဒီစီ)နှင့် နိုင်ငံတကာ မြို့ပြလေကြောင်းအုပ်စုတို့က ဒေါ်လာ ၁၅ ဒသမ ၆သန်းကို ပဏာမရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည်။

ကမ္ဘာ့အဆင့်မီ မြို့ပြလေကြောင်းအဖွဲ့အစည်းတစ်ခုအဖြစ် ထူထောင်ဖွင့်လှစ်မည့် လေယာဉ်မှူး သင်တန်းကျောင်းသည် အဲဘတ်စ်-၃၂၀ အမျိုးအစား လေယာဉ်ကြီးများ မောင်းနှင်မည့် လေယာဉ်မှူးသင်တန်းသားများကို လေ့ကျင့်ပေးမည်ဖြစ်သည်။

မြို့ပြလေကြောင်း လေယာဉ်မှူးသင်တန်းကျောင်းသည် တစ်နှစ်လျှင် လေယာဉ်မှူးဦးရေ ၄၀၀အထိ မွေးထုတ်ပေးသွားမည်ဖြစ်သည်။

ကလပ်ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းသည် လေယာဉ်မှူးသင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ပြီးနောက် ဒုတိယမြောက်နှစ်သို့ ရောက်ရှိချိန်တွင် လေယာဉ်မှူးလေ့ကျင့်ရေးဆိုင်ရာ စက်ကိရိယာများဝယ်ယူရန် ဒေါ်လာ ၁၂ဒသမ ၅သန်း ကျခံသုံးစွဲမည်ဖြစ်သည်။

လေယာဉ်မှူးအဖြစ် လေ့ကျင့်ပေးနိုင်ရန် လိုအပ်မည့် လေယာဉ်ပျံသန်းမှု သရုပ်သကန် ဖန်တီးပေးနိုင်သော စက်ကိရိယာများ (Flight Simulators)ကို ဝယ်ယူရန် ရည်မှန်းထားသည်။ **အင်တာနက်။**



**လေယာဉ်ပျံသန်းမှု လေ့ကျင့်ရေး အထောက်အကူပြု နောက်ဆုံးပေါ်ဆင်မြူလေတာ စက်ကိရိယာကိုတွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ပေးအပ်လှူဒါန်း

**မန္တလေးမြို့မဒေသ ဗုဒ္ဓဂယာမြန်မာကျောင်းတိုက် ပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ၏ အစီအစဉ်ဖြင့် တိုးချဲ့မြေအလှူပေးအပ်ပွဲကို မတ် ၂၉ရက်က ရန်ကုန်မြို့ တောဖိန္ဒရာမကျောင်းတိုက်၌ ကျင်းပရာ မိခင် ဒေါ်စိန်ခိုင်နှင့် မိခင် ဒေါ်ကြည်ဝင်းတို့အား အမှူးပြု၍ အင်းလျားမြိုင် စုပေါင်းလမ်းနေ ဦးထွန်းအေး-ဒေါက်တာသိင်္ဂီဦး မိသားစုတို့က အမေရိကန်ဒေါ်လာ ၃၅၀၀ကို အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ပြည်တွင်း၊ ပြည်ပ ခရီးသည်များ နှစ်စဉ်တိုးတက်လည်ပတ်ရောက်ရှိ



**ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်ကို ဤသို့ရှုမငြီး လှပစွာ တွေ့မြင်ရစဉ်။** (ဓာတ်ပုံ-Wood Land)

❖ **ပြင်ဦးလွင်မှ**

တောင်ဘက် လေးမိုင်အကွာတွင် တည်ရှိပြီး ဧရိယာ ၄၃၆ ဒသမ ၉၆ ဧက ကျယ်ဝန်းသည်။ ဘက်စုံအဆင့်မြင့် ပြုပြင်မွမ်းမံဖွင့်လှစ်ခဲ့သည့်နေ့မှစ၍ ပြည်တွင်းပြည်ပ ခရီးသည်များ နှစ်စဉ်တိုးတက် လည်ပတ်ရောက်ရှိလာကြရာ စတင်ဖွင့်လှစ်သည့်နေ့မှ ယနေ့အထိ လူဦးရေ ၂၃သိန်းခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။

## ဒေါင်းဖြူများပေါက်ဖွား

အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သာယာလှပသော ရှုခင်း၊ ရေကန်နှင့် နန်းမြင့်မျှော်စင်၊ ပြည်နယ်နှင့်တိုင်းအလိုက် ထင်ရှားစွာတည်ရှိသည့် National Landmarks များ စသည်တို့ကို ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုနိုင်သကဲ့သို့ ငှက်ဥယျာဉ်အတွင်း၌လည်း ဒေါင်းဖြူ၊ ဒေါင်းပြာ၊ မြန်မာဒေါင်းစိမ်း၊ ငွေရောင်ရစ်၊ ရွှေရောင်ရစ်၊ ရွှေဝါရောင်ရစ်၊ လေဒီရစ်၊ ရစ်လည်ဖြူ၊ ခါရစ်၊ ဒေါင်းကုလား၊ ရေပျော်ငှက်များဖြစ်သည့် မန်ဒရင်းဘဲ၊ ကာရိုလိုင်းနားဘဲနှင့် အခြားသဘာဝငှက်များဖြစ်သော ငှူ၊ ငှက်ကျွန်း၊ ငှက်တော်ပြာ၊ ကုတ်ကလောင်၊ ဖိုးခေါင်စသည့် ငှက်များကို စိမ့်စမ်းရေတံခွန်များ တည်ဆောက်၍ သဘာဝအတိုင်း မွေးမြူထားရာ သစ်သားလျှောက်လမ်းတွင် ခြေကျင်လျှောက်၍ လှည့်လည်ကြည့်ရှုနိုင်သည်။ ယခုအခါ ကမ္ဘာ့ရှားပါးငှက် တစ်မျိုးဖြစ်သည့် ဒေါင်းဖြူမှာ ငှက်ဥယျာဉ်အတွင်း ထပ်မံပေါက်ဖွားလာသဖြင့် စုစုပေါင်း ၁၅ ကောင်ခန့်အထိ မွေးမြူထိန်းသိမ်းထား ရှိနိုင်ပြီဖြစ်သည်။



**ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီး ဥယျာဉ်အတွင်း မွေးမြူထိန်းသိမ်းထားသော ကမ္ဘာ့ရှားပါးတိရစ္ဆာန် သားမင်းများမှာ ထပ်မံတိုးပွား ပေါက်ဖွားနေသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-Wood Land)



**ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ငှက်ဥယျာဉ်တွင် ပေါက်ဖွားသည့် ကမ္ဘာတွင်ရှားပါးလှသောဒေါင်းဖြူကို လှပစွာတွေ့မြင်ရစဉ်။** (ဓာတ်ပုံ-Wood Land)

ထို့ပြင် အမျိုးသား ကန်တော်ကြီး ဥယျာဉ်တွင် မွေးမြူထားသည့် သားမင်းများမှာလည်း တိုးပွားလျက်ရှိရာ မတ် ၂၁ရက်နှင့် ၂၈ရက်တွင် နှစ်ကောင် ထပ်မံပေါက်ဖွားလာကြောင်း သိရသည်။

## ရှားပါးစာရင်းဝင်

ကမ္ဘာ့ရှားပါးစာရင်းဝင် သားမင်း (Takin) များသည် ရေခဲတောင်ဒေသတွင်သာ နေထိုင်ကျက်စားလေ့ရှိပြီး အိန္ဒိယမြောက်ပိုင်း တိဘက်၊ မြန်မာနိုင်ငံမြောက်ဖျားပိုင်း ဘူတန်နှင့် တရုတ်ပြည်အနောက်မြောက်ပိုင်း ဒေသတွင်သာ တွေ့ရှိရသည့် တောင်ပေါ်ဒေသနေ နို့တိုက်တိရစ္ဆာန်မျိုးဖြစ်သည်။

ရှားပါးတိရစ္ဆာန် သားမင်းအထီး တစ်ကောင်နှင့် အမသုံးကောင်ကို ၂၀၀၂ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ကချင်ပြည်နယ်မှ သယ်ယူ၍ မွေးမြူခဲ့ကြောင်း၊ ထိုသားမင်းများကို ပူတာအိုမြို့နယ် နောင်မွန်းနှင့် ဖုန်ကန်ရာဇီဒေသတို့မှ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရောက်ရှိစဉ် ၎င်းတို့၏ အသက်မှာ ရစ်လမှ နှစ်နှစ်အတွင်းဖြစ်သဖြင့် အထူးဂရုစိုက် မွေးမြူခဲ့ရကြောင်း။ ယခုအခါ ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီး ဥယျာဉ်တွင် သားမင်းများကို ခြံဝင်း လှောင်အိမ်စနစ် (Captive Breeding) ဖြင့် အောင်မြင်စွာ မွေးမြူထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယမန်နှစ် ၂၀၀၅ခုနှစ်တွင် သားမင်း အမ သုံးကောင်မှ မျိုးဆက် ကလေးသုံးကောင် ပေါက်ဖွားခဲ့ပြီး ယခုနှစ် မတ်လတွင် သားမင်း နှစ်ကောင် ထပ်မံပေါက်ဖွားခဲ့ရာ အမျိုးသား ကန်တော်ကြီးဥယျာဉ်တွင် သားမင်း စုစုပေါင်း အထီးသုံးကောင်၊ အမ ခြောက်ကောင် ကိုးကောင်တို့မှာ စုစုဝေးဝေး ရှိနေကြောင်း Wood Land Co, မှ တာဝန် ရှိသူတစ်ဦးက ကြေးမုံသို့ ပြောကြားသည်။

(ကြေးမုံ)

## * ခရမ်းမြို့နယ်မှ

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘုရားပျို်စံပြကျေးရွာ ကျေးရွာအဝင် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် စံပြကျေးရွာမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကျေးရွာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

### ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက စံပြကျေးရွာဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စံပြကျေးရွာနေ ပြည်သူလူထုအတွက် သန့်ရှင်းသည့် သောက်သုံးရေ ပေးဝေလျက်ရှိသော နှစ်လက်မ စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဘုရားပျို်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ နေ့ကလေးထိန်းကျောင်းသို့ ရောက်ရှိလာပြီး ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြကာ ကလေးငယ်များအား စားစရာမုန့်များနှင့် ကစားစရာအရုပ်များ ဝေငှပေးအပ်ကြသည်။

ထို့နောက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေး မိသားစု (ဆုရည်ဖြိုးကုမ္ပဏီ)က နေ့ကလေးထိန်းကျောင်းအတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

### ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဘုရားပျို်စံပြကျေးရွာ အထက်တန်းကျောင်းသို့ သွားရောက်၍ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများအတွင်း ကျောင်းသား၊ကျောင်းသူများ၏ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဘုရားပျို်စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ကျေးရွာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်နှင့်အညီ ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက စံပြကျေးရွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ခရမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဘုရားပျို်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဝတ်စုံများကိုလည်းကောင်း၊ ဘုရားပျို်စံပြကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်သင်းထံသို့ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝတ်စုံများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက ကျေးရွာပြည်သူလူထုကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### စုပေါင်းစိုက်ပျိုး

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဘုရားပျို်စံပြကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပသည့် အလှူငွေ ပေးအပ်ပွဲသို့ တက်ရောက်ရာ ဆေးရုံဆေးပဒေသာပင်အတွက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေး မိသားစု (ဆုရည်ဖြိုးကုမ္ပဏီ)က ငွေကျပ် သုံးသိန်း၊ ဦးအောင်စောလေ မိသားစုက ငွေကျပ်ငါးသောင်း စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ နှင့် ဖြိုးမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှုအသင်းအတွက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေးတို့က ငွေကျပ် သုံးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၃၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ ဘုရားပျို်စံပြကျေးရွာ လင်းရောင်ဦးစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိလာပြီး ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးနှင့်သံဓာတ်ဆေးပြားများ ဝေငှပေးကြကာ ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဘုရားပျို်စံပြကျေးရွာ လင်းရောင်ဦး စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး ဗြဟ္မစိုရ်ခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက နိုင်ငံတော်အစိုးရက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ခရမ်းမြို့နယ်အပါအဝင် မြို့နယ်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ ရပ်ကွက်ကျေးရွာအဆင့်မှသည် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ဆောင်ရွက်ကြရမည့် တာဝန်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းအမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ပါဠိတက္ကသိုလ် ကိုင်းကုန်းကျောင်းတိုက်သို့ ရောက်ရှိလာပြီး ပါဠိတက္ကသိုလ် ကိုင်းကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတအား ဝင်ရောက်ဖူးမြော် ကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ဒေးပေါက်စံပြကျေးရွာ မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။



ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ခရမ်းမြို့နယ် ဒေးပေါက် စံပြကျေးရွာ မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

### မူကြိုကျောင်းဖွင့်

ယင်းနောက် ဒေးပေါက် စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ယဉ်နုအေးက မူလတန်းကြိုကျောင်း ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်ထွေး မိသားစု (ဆုရည်ဖြိုးကုမ္ပဏီ)က မူလတန်းကြိုကျောင်းအတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြကာ စားစရာမုန့်နှင့် ကစားစရာအရုပ်များ ဝေငှပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဒေးပေါက်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ သားဖွားခန်းသို့ သွားရောက်၍ သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ကိုယ်ဝန်ဆောင် မိခင်များအား အားဆေးများ ဝေငှပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနီးရှိ နေလ အထွေထွေထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ တစ်နှစ်သုံးသီး စပါးစိုက်ခင်းအတွင်း နွေစပါးခင်းများ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ ရိတ်သိမ်းခြွေလှေ့နေမှုနှင့် လယ်ကွင်းအရောက် စိုက်ပျိုးရေသွယ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်နှင့် စိုက်ခင်း၌ မျိုးစေ့နှင့် ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးကြသည်။ (သတင်းစဉ်)

## ဝေပုလ္လဝိဇယမွှာရုံ ဓမ္မပူဇာတရားပွဲ

**ရန်ကုန် ဧပြီ ၃**

မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ဝေပုလ္လဝိဇယဓမ္မာရုံတွင် ဓမ္မပူဇာတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၅ ရက်တွင် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ (ဓမ္မဒူတတောရ၊ ပဲခူး)၊ ဧပြီ ၆ ရက်တွင် တွံတေးအရှင်ဣန္ဒက (သိရီမင်္ဂလာ မဟာစည်ရိပ်သာ)၊ ဧပြီ ၇ရက်တွင် ဓမ္မဒူတအရှင်ဃောသိတ (ဓမ္မဒူတတောရ တောင်စွန်း)၊ ဧပြီ ၈ရက်နှင့် ၉ရက်တွင် မေတ္တာရှင် ဦးဇဝန(မဟာစည်ရိပ်သာ၊ မန္တလေးကျောင်း၊ ရွှေပြည်သာ) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီမှစတင်၍ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## အောင်စကြာရိပ်သာ သင်္ကြန်တရားစခန်း

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာ သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးနှင့် တပည့်များက တရားဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသော ယောဂီများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁၄၇၃၈၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မဟာဆေးဝက်ပါကျောင်းတိုက် ဗုဒ္ဓပူဇနီယပွဲ

**ရန်ကုန် ဧပြီ ၃**

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ မဟာဆေးဝက်ပါ အကွေ့တစ်ထောင် အကောက်တစ်ထောင်ကျောင်းတိုက် (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲ၊ ရဟန်းခံရှင်ပြုပွဲ၊ သိက္ခာထပ်ပွဲနှင့် သင်္ကြီးဝါကြီး သံဃာတော်များ ပူဇော်ပွဲကို ဧပြီ ၁၀ရက်မှ ၂၂ရက်အထိ အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး ၁၀၀ကျော်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး သင်္ကန်းဒွိစုံနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## ရတနာ့ဂုဏ်ရည်ကျောင်း သင်္ကြန်တရားစခန်း

**ရန်ကုန် ဧပြီ ၃**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏နာယက ကမ္မဋ္ဌာနာစရိယချုပ်၊မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းနှင့် လက်ထောက်နည်းပြ နှစ်ဦးက ဧပြီ ၁၀ရက်ညမှ ၁၈ရက် နံနက်အထိ အနီးကပ် ညွှန်ကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများနှင့် ကုသိုလ်ဒါနပြုလိုသူများသည် ဗဟန်းမြို့နယ် သွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည်ကျောင်းသို့ ကြိုတင်စာရင်းပေးသွင်းရန်နှင့် ဧပြီ ၁၀ရက် ညနေ ၄ နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။ (က-ပ)

## စပါးနှင့်သီးနှံ အခြောက်ခံစက် လက်တွေ့အသုံးပြုနိုင်ရေး သင်တန်းဖွင့်မည်

**ရန်ကုန် ဧပြီ ၃**

မြန်မာနိုင်ငံတွင် စပါးနှင့် သီးနှံအခြောက်ခံစက်များ လက်တွေ့အကောင်အထည်ဖော် အသုံးပြုနိုင်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ စပါးနှင့်သီးနှံ အခြောက်ခံစက် လက်တွေ့အသုံးပြုနိုင်ရန် အထောက်အကူပြုသင်တန်းကို ဧပြီ ၇ရက်မှ ၉ရက်အထိ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ဦးရွှေဘင်လမ်း အမှတ်(၁၄၂/၁၄၃)ရှိ သောင်းဝင်း စက်မှုလက်မှုခန်းမတွင် နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီထိ အခမဲ့ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ သီးနှံအခြောက်ခံစက်များအကြောင်း လေ့လာခြင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် သီးနှံအခြောက်ခံစက်၊ သီးနှံအခြောက်ခံစက်သုံး ပန်ကာများ၊ လေအပူပေးရန် စပါးခွံသုံးမီးဖိုများ၊ နမူနာပုံစံပြ သီးနှံအခြောက်ခံစက်များ အကြောင်းတို့ကို လေ့လာဆွေးနွေး ပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဖုန်း-၂၉၆၂၄၈၊ ၂၉၆၂၈၄၊ ၂၉၆၂၆၅သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

# မော်လမြိုင်တပ်နယ် ရွှေနတ်တောင် စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တက်ရောက်ကြည်ညို



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များ မော်လမြိုင်တပ်နယ် ရွှေနတ်တောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲတွင် စိန်ဖူးတော်အား တင်လှူပူဇော်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်မြို့တော် ဧပြီ ၃

**မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တပ်နယ် ရွှေနတ်တောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက်ပိုင်းတွင် ရွှေနတ်တောင်စေတီတော်ရင်ပြင်မဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တပ်နယ်အသီးသီးရှိ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။**

အစီအစဉ်အရ ရှေးဦးစွာ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

**ချီးမြှင့်တော်မူ**

ဆက်လက်၍ ဥပသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ စိတ်ဖူးတော် ကလပ်တော်၊ ကြာပန်းခိုင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဆိုတော် ဒေါ်ရွှေစင်လှိုင်က မင်္ဂလာရတုပိုဒ်စုံဖြင့် သီကျူးပူဇော်သည်။

ဆက်လက်၍ တက်ရောက်လာကြသူများသည် မော်လမြိုင်မြို့ အောင်ဇမ္ဗူဓမ္မရိပ်သာ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တာဝန်ရှိသူများသည် စိတ်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြသည်။

**တင်လှူပူဇော်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ရွှေနတ်တောင် စေတီတော်မြတ်ကြီး၏ နောင်တော်ကြီးစေတီအား ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို ရှေးဦးစွာ တင်လှူပူဇော်ပြီးနောက် ရွှေနတ်တောင်စေတီသို့ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိတ်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်၍ စေတီတော်အထက်သို့ တင်လှူပူဇော်ကြသည်။

တစ်ချိန်တည်းတွင် တာဝန်ရှိသူများက အရန်စေတီများ၊ ဂြိုဟ်ခွင်စေတီများကို တစ်ပြိုင်တည်း ထီးတော်များ တင်လှူပူဇော်ကြပြီးနောက် ရတနာရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးပေးကြသည်။

**အမွှေးနံ့သာရည်ပက်ဖျန်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် စေတီသမိုင်းနှင့် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်မှု ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ရွှေနတ်တောင်စေတီတော်မြတ်ကြီးအား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ✱ ဖြူးချောင်းရေလှောင်တမံမှ

နှင့် ရေလွှဲဥမင်အဝင်ပိုင်းနှင့် ရေလွှဲဥမင်အထွက်ပိုင်းနေရာများ၊ ဖြူးချောင်း၏ တည်ရှိမှု အနေအထားတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြသရှင်းလင်းသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးနှင့်အဖွဲ့အား ရေလှောင်တမံစီမံကိန်း၏ ပင်မတမံတည်ဆောက်မည့်လုပ်ငန်းကို တာဝန်ခံများက ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

## ❁ ကုန်သွယ်ရေကြောင်းမှ

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ်၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ အရာရှိလောင်းများနှင့် ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေကြောင်းပညာသိပ္ပံ စစ်ရေးပြကွင်းအတွင်း စစ်ရေးပြတပ်ခွဲများက နေရာယူကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

**ဆုများချီးမြှင့်**

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကုန်သွယ်ရေကြောင်း အရာရှိလောင်း စံပြဆုရ ကိုယ်ပိုင်အမှတ်(ရ/၁၂၃၃) ကျော်အောင်ခိုင်လတ်၊ အင်ဂျင်နီယာအရာရှိလောင်း စံပြဆုရ ကိုယ်ပိုင်အမှတ် (စ/၁၁၇၅) ဇင်လတ်၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း စာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ် (ရ/၁၂၄၆) ဖြိုးမင်းသူ၊ အင်ဂျင်နီယာ အရာရှိလောင်း စာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ် (စ/၁၁၇၅) ဇင်လတ်၊ အင်ဂျင်နီယာအရာရှိလောင်း စစ်ရေးပြထူးချွန်ဆုရ ကိုယ်ပိုင်အမှတ် (စ/၁၁၉၁) ပြည့်စုံအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

**အမှာစကားပြောကြား**

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးအား ကျောင်းဆင်းတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး ကျောင်းဆင်းပွဲကို ရုပ်သိမ်းသည်။

**ဩဝါဒစကားပြောကြား**

ဆက်လက်၍ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ် (စီဒီ/၃၃) ထူးချွန်ဆုပေးပွဲနှင့် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲကို အရာရှိလောင်းများ စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက ကျောင်းဆင်း အရာရှိလောင်းများကို ဆုံးမဩဝါဒစကားပြောကြားသည်။

ထို့နောက် ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် တာဝန်ရှိသူများသည် ထူးချွန်ဆုရ အရာရှိလောင်းများနှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

## ▲ ရေ့ဖုံးမှ

ပြီးစီးမှုများနှင့် မော်လမြိုင်–မုတ္တမ သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံတည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် EMC ရထားဖြင့် လုပ်ငန်းခွင်တစ်လျှောက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် ဝန်ကြီးများနှင့်အတူ မော်တော်ယာဉ်များဖြင့် မုတ္တမဘူတာ ရပ်နားစခန်းအဝင်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မော်လမြိုင် တပ်နယ်ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်နှင့် ရော်ဘာစိုက်ပျိုးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မျိုးအိတ်များနှင့် စိုက်ခင်းအတွင်းသို့ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းပင်များကို စိုက်ပျိုးပေးကြပြီး တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် ဝန်ကြီးများနှင့်အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ရောက်ရှိရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းတင်က အမြစ်ပွားအားဆေးအသုံးပြု၍ ကြက်ဆူမျိုးပွားပုံနည်းစနစ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များမှာကြားသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်း/တပ်ဖွဲ့များ အနေဖြင့် ခြံစည်းရိုးကြက်ဆူ စုစုပေါင်း ပင်ရေ ၄၅ သိန်းကျော် ပျိုးထောင်ပြီးဖြစ်၍ မြေဧရိယာ ၄၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပျိုးထောင်ပြီး ပျိုးပင်များကို လာမည့် မိုးဦးကျရာသီတွင် မြေချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ တပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍အမှာစကား အသီးသီး ပြောကြားကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။ (သတင်းစဉ်)

## ကျောက်ငါးမျိုးများနှင့် ကကတစ်ငါးမျိုးများ မျိုးပြန့်ပွားမှု ထိန်းသိမ်းကာကွယ်ရန် ငါးလုပ်ငန်းဦးစီးဌာန အမိန့်ကြော်ငြာစာ ထုတ်ပြန်

ရန်ကုန် ဧပြီ ၃

**ကျောက်ငါး(Grouper)မျိုးများနှင့် ကကတစ်(Sea bass) ငါးမျိုးများ မျိုးပြန့်ပွားမှု ထိန်းသိမ်းကာကွယ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ၂၀၀၆ ခုနှစ် မတ် ၂၈ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၆)ကို ထုတ်ပြန်ကြေညာသည်။**

ယင်းအမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၆)တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ပိုင်ခွင့်အားကျင့်သုံး၍ ကျောက်ငါး (Grouper)မျိုးများနှင့် ကကတစ် (Sea bass) ငါးမျိုးတို့အား မျိုးပြန့်ပွားမှုထိန်းသိမ်းကာကွယ်ရန်နှင့် ငါးမျိုးကောင်းမျိုးသန့်များကို တိုးတက်ပွားများစေရန် ရည်ရွယ်၍ ဥကပ်နေသော (သို့) ဥများနှင့် ပြည့်ဝနေသော ကျောက်ငါးမျိုးများနှင့် ကကတစ်ငါးမျိုးများအား ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး အဆိုပါ ငါးမျိုးများနှင့် ယှဉ်တွဲဖော်ပြထားသည့် မိတ်လိုက် သားပေါက်ဖွားသည့် ကာလများတွင် သဘာဝရေပြင်များမှ ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း အခြားနည်းတစ်စုံတရာ နှောင့်ယှက်ခြင်းတို့ကို မပြုလုပ်ကြရန် တားမြစ်လိုက်သည်။

| စဉ် | ဒေသအခေါ် | သိပ္ပံအမည် | ပိတ်ပင်သည့်ကာလ |
|---|---|---|---|
| ၁။ | ကျောက်ငါး(Grouper) | Epinephelus spp.<br>Cromileptes spp.<br>Cephalopholis spp. | နှစ်စဉ် ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ |
| ၂။ | ကကတစ်(Sea bass) | Lates calcarifer | နှစ်စဉ် ဇန်နဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်နေ့အထိ |

ဟူ၍ ဖော်ပြထားသည်။ (သတင်းစဉ်)

## ● ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ

ပတ်သက်၍ အဆိုပါ အင်တာနက်ဝက်ဘ်ဆိုက်တွင် သတင်းအချက်အလက်များကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။ ၎င်းအပြင် အီဂျစ်နိုင်ငံ၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအရ ဆွဲဆောင်နိုင်သော ကြည့်ရှုစရာနေရာများနှင့်ပတ်သက်၍လည်း ပြန်ကြားပေးထားသည်။

အီဂျစ် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် သတင်းကဏ္ဍတစ်ရပ်လည်း ပါဝင်သည်။ အီဂျစ်နိုင်ငံနှင့်ပတ်သက်၍ နောက်ဆုံးသတင်းများအားလုံးကို အင်တာနက်မှတစ်ဆင့် လေ့လာကြည့်ရှုနိုင်သည်။

၎င်းအပြင် အီဂျစ်နိုင်ငံ၏ ပွဲတော်များ၊ ရှေးဟောင်းသုတေသန လေ့လာတွေ့ရှိချက်များကို အဆိုပါ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**အင်တာနက်။**

## ထူးခြားသည့် နေ့အပူချိန်များ

**(၃-၄-၂၀၀၆)**

**မင်းဘူး၊ မကွေး၊ မြင်းခြံ၊ စစ်ကိုင်း နှင့် သာယာဝတီ**

၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)

# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာသတိပေးနှိုးဆော်ချက်

### ၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၅နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၃နိုင်ငံ၊ စုစုပေါင်း ၄၈နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် မတ်လကုန်အထိ လူပေါင်း ၁၈၆ဦး၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၁၀၅ဦး အသက်ဆုံးရှုံးစေခဲ့သည်။

### ၂။ မြန်မာနိုင်ငံ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမအပတ်အတွင်း သံသယဖြစ်ကြက်ခြံများမှ ကြက်များ၏ ရောဂါနမူနာပစ္စည်းများရယူ၍ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့် စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H5 N1 စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ ၅၆ခြံမှ ရောဂါနမူနာပေါင်း ၄၆၀ခုကို စစ်ဆေးခဲ့ရာ ရောဂါနမူနာ ၃၀ခု၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး H5 N1 ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

### ၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသစစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊မုံရွာမြို့နယ်များနှင့်မန္တလေးတိုင်းအတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ်ကြက်ခြံများကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ (၁)ကီလိုမီတာပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင်ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ ခုနှစ်၊ ဧပြီလ၂ရက်နေ့အထိ ကြက်ခြံ၃၀၇ခြံ၊ ငုံးခြံ၁၀၂ခြံမှ ကြက်ကောင်ရေ ၂၁သလမ၄သိန်း၊ ငုံးကောင်ရေ၂၁သလမ၃သိန်း၊ ကြက်ဥ သုည ဒသမ ၉သိန်း၊ ငုံးဥ သုည ဒသမ ၆သိန်းကို သုတ်သင်ဖျက်ဆီးမြှုပ်နှံခြင်း၊ ကြက်ခြံများကို ပိုးသတ်ဆေးဖျန်းခြင်း၊ ပြုလုပ်ခဲ့ပါသည်။ အဆိုပါမြို့နယ်များအတွင်း တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာ သတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်၊ဘဲ၊ငုံး မွေးမြူရေးခြံများရှိ ကြက်၊ဘဲ၊ငုံးများကို ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်းများ စသည်တို့ကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလျက် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

### ၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီအစက်အပြောက်များ ပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

### ၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကိုကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသ အာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချ စားသုံးခြင်း (လုံးဝ)မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိမွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ် ဆေးများသုံး၍ ပုံမှန် သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ဘဲဈေး၊ဒိုင်သို့ သွားရောက်မှု မပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှား သန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။

### ၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။
(ခ) ကြက်၊ ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရန်။

**၇။** တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**



**သန်လျင်မြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(ဗဟို)၏ ၂၀၀၅-၂၀၀၆ခုနှစ်သင်ယူ ပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၂၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်လှက မအေးချမ်းစုအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။** (ပညာရေး)



## ထူးထူးခြားခြား အင်တာနက်ပုံများ



တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်၏မြို့တော် နန်ကျင်း၌ ကျင်းပခဲ့သည့် အဝဆုံးလူသားများ ယှဉ်ပြိုင်ပွဲတွင် အလေးချိန် ကီလိုဂရမ် ၁၅၀ (၃၃၁)ပေါင်ရှိ ပြိုင်ပွဲဝင် ဖိုယောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဂျာမနီနိုင်ငံမြောက်ပိုင်း ဟမ်းဘတ်မြို့တွင် မတ် ၃၁ ရက်က တော်နေဒိုး လေမုန်တိုင်းကျရောက်ခဲ့ရာ ဂိုဒေါင်နှင့်အိမ်အမိုးများ ပြုတ်ထွက်လွင့်စင်ပြီး ကားများတိမ်းမှောက်ခဲ့ရသည်။ ပုံတွင် လေကြမ်းနှင့်အတူ လွင့်ပါသွားပြီး ဗို့အားမြင့်ဓာတ်တိုင်ကြီးများတွင် တင်နေသည့်အပျက်အစီး ပစ္စည်းများအား ကျွမ်းကျင်လုပ်သားများက ဖယ်ရှားရှင်းလင်းနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)



စင်ကာပူနိုင်ငံ ကုန်သေတ္တာဆိပ်ကမ်းတွင် အတင်အချပြုလုပ်သော ကုန်သေတ္တာများအတွင်း အဏုမြူဆိုင်ရာပစ္စည်းပါ၊ မပါ စိစစ်ပေးသော ကိရိယာတပ်ဆင်ထားသည့် အဝင်အထွက်ဂိတ်၌ ကုန်တင်ကားတစ်စီး အစစ်ဆေးခံနေသည်ကို ဧပြီ ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဝက်စ်ဟမ်းနှင့် ချယ်လ်တန် ဂိုးမရှိသရေကျ မန်စီးတီးအသင်းကို မစ်ဒယ်ဘရော့ အနိုင်ရ

လန်ဒန် ဧပြီ ၃

**အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃၂)ကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာတွင် ဝက်စ်ဟမ်းအသင်းနှင့် ချယ်လ်တန်အသင်းတို့ ဂိုးမရှိ သရေကစားခဲ့ကြပြီး မန်ချက်စတာစီးတီးအသင်းနှင့် မစ်ဒယ်ဘရော့တို့၏ပွဲတွင် မစ်ဒယ်ဘရော့အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။**

**ဝက်စ်ဟမ်း-ချယ်လ်တန်**

ဝက်စ်ဟမ်းအသင်း၏ ဝါရင့်တိုက်စစ်မှူး တက်ဒီရှုရင်ဂမ်သည် ၎င်း၏ အသက်(၄၀)ပြည့် မွေးနေ့တွင် အောင်နိုင်သူအဖြစ် ကြိုးဝါးနိုင်ခြင်း

ဂိုးသွင်းရန် ကြိုးပမ်းမှုမှာလည်း ပေါက်မြောက်မှုမရှိခဲ့ပေ။

**မန်စီးတီး-မစ်ဒယ်ဘရော့**

အိစ်လန်းကွင်းတွင် ကျင်းပသော ပွဲတွင် မစ်ဒယ်ဘရော့အသင်းက



**ဧပြီ ၂ရက်က ပရီမီယာ လိဂ်ဘောလုံး ပြိုင်ပွဲတွင် မန်းစီးတီး အသင်းမှ မီကား ရစ်ချတ်နှင့် မစ်ဒယ် ဘရော့ အသင်းမှ ယာကူဘူ တို့ ဘောလုံးကို အပြိုင်အဆိုင် ခေါင်းတိုက်ကြစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

မရှိပေ။ ရှုရင်ဂမ်သည် ပွဲကစားချိန် နှောင်းပိုင်းတွင် ဂိုးသွင်းရန် အခွင့်အလမ်းတစ်ရပ်ရရှိခဲ့သော်လည်း ၎င်း၏ အနီးကပ်ကန်သွင်းချက်ကို ချယ်လ်တန်ဂိုးသမား သောမတ်စ် မိုင်ယာက ကာကွယ်လိုက်နိုင်သည်။

ဝက်စ်ဟမ်းအသင်းသည် ပွဲကစားချိန်အများစုတွင် ဂိုးသွင်းနိုင်ရန် အလားအလာများ ဆုံးရှုံးခဲ့ရသည်သာဖြစ်သည်။ ဘော်ဘီဇမ်ဗိုရာက ခေါင်းတိုက်

တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မစ်ဒယ်ဘရော့အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူသူမှာ လီးကက်တာမိုးလ် ဖြစ်သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံးက ဂိုးရရှိရေးအတွက် အပြင်းအထန်ကြိုးပမ်းခဲ့ကြပြီးနောက် ပွဲချိန် ၄၂မိနစ်တွင် ကွင်းလယ်ကစားသမား ကက်တာမိုးလ်က ခေါင်းတိုက်၍ ဂိုးသွင်းခဲ့သည်။ ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲတွင် ကက်တာမိုးလ်က ပထမဆုံးအကြိမ်



**ဝက်စ်ဟမ်းအသင်းမှ မာလွန်ဟဲဝုဒ်နှင့် ချယ်လ်တန်အသင်းမှ ရာခိုစတင်ကစ်ရှီရှက်တို့ ရင်ဆိုင်ကစားကြစဉ်။** (အင်တာနက်)

ဂိုးသွင်းနိုင်ခြင်းလည်းဖြစ်သည်။ ဒုတိယပိုင်းတွင် ကစားအား အရှိန်အဟုန်မြင့်မားလာသည်။ ယာကူဘူ၊ ကက်တာမိုးလ်နှင့် ဂျိမ်းစ်မော်ရစ်ဆန်တို့က ပိုမို၍ သွက်သွက်လက်လက် ကစားလာကာ ပွဲကိုထိန်းချုပ်နိုင်ရန် ကြိုးပမ်းလာသည်။

မန်စီးတီးဂိုးသမား ဒေးဗစ်ဂျိမ်းစ်သည် လေးကြိမ်တိုင်တိုင် လှလှပပ ကာကွယ်နိုင်ခဲ့သည်။

သို့ရာတွင် တစ်လုံးတည်းသော ဂိုးဖြင့် မစ်ဒယ်ဘရော့အသင်းက အနိုင်ရရှိသည်။

***အင်တာနက်။***

## ပြည်ပ အားကစား သတင်းများ

# အေတီပီမာစတာစီးရီး တင်းနစ်ပြိုင်ပွဲ ဆွစ်ဇာလန်တင်းနစ်သမား ဖက်ဒရဲရား အောင်ပွဲခံ

**မီယာမီ ဧပြီ ၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့တွင် တနင်္ဂနွေနေ့က ကျင်းပသော မီယာမီအေတီပီမာစတာစီးရီးတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့လက်ရွေးစင် နံပါတ်(၁)အဆင့်ရှိ ရော်ဂျာဖက်ဒရဲရားက အီဗန်လျူဘီစစ်ကို အနိုင်ရရှိကာ မီယာမီ မာစတာဆုဖလားကို ဒုတိယအကြိမ် ဆွတ်ခူးရရှိလိုက်သည်။

**အနိုင်ရရှိ**

ဆွစ်ဇာလန်နိုင်ငံမှ တင်းနစ်သမားဖက်ဒရဲရားသည် ခရိုအေးရှားမှ တင်းနစ်သမား လျူဘီစစ်ကို အမျိုးသား Nasdaq-100 Open တင်းနစ်ပြိုင်ပွဲတွင် ၇-၆၊ ၇-၆၊ ၇-၆ဖြင့် အနိုင်ရရှိကာ အောင်ပွဲခံနိုင်ခြင်းဖြစ်သည်။

**ဆုဖလား**

မီယာမီမြို့ရှိ ကရန်ဒန်ပါ့စ်တင်းနစ်ကွင်းတွင် အနိုင်ရရှိခဲ့သူ ဖက်ဒရဲရားသည် ကာလီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်ဖို့တွင် ကျင်းပခဲ့သော တင်းနစ်ပြိုင်ပွဲတွင်လည်း အနိုင်ရရှိခဲ့သူဖြစ်ရာ ယခုနှစ်တင်းနစ်ရာသီအတွင်း အစဉ်အလာကြီးမားသော မာစတာစီးရီးဆုဖလားနှစ်ခုကိုရယူနိုင်ပြီဖြစ်သည်။

***အင်တာနက်။***

**ဧပြီ ၂ရက်က မီယာမီ မြို့တွင် ကျင်းပသောအေတီပီ မာစတာစီးရီး တင်းနစ် ပြိုင်ပွဲတွင် ရော်ဂျာ ဖက်ဒရဲရား၏ ကစားဟန်ကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



## ယနေ့ မိုးလေဝသ

(၄-၄-၂၀၀၆)

**နေပြည်တော်မြို့တော်**

**နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးအတစ်ဝိုက်တွင်ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

**မန္တလေး**

**မန္တလေးမြို့နှင့်အနီးအတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**



**တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) (၄၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည် ထူးချွန်ဆုပေးပွဲကို မတ် ၁၉ရက်က ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းရှိ အသင်းတိုက် ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က သက်ကြီးအဘိုး၊ အဘွားများအား ကန်တော့ပစ္စည်းပေးအပ်စဉ်။** (က-ပ)

# ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းဆင်း

ရန်ကုန် ဧပြီ ၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှဖွင့်လှစ်ခဲ့သော ယင်းမာပင်မြို့ အမျိုးသမီးသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၁၀နာရီခွဲတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။**

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်က သင်တန်းထူးချွန်ဆုရ သင်တန်းသူ သုံးဦးအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ဝန်ကြီးဌာနမှ တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော အပ်ချုပ်စက်များကို သင်တန်းသူများသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းသူများ၏ လက်ရာ အဝတ်အထည်နှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းသို့ ယင်းမာပင်မြို့ပေါ်မှ သင်တန်းသူ ၂၀နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် စက်ချုပ်ပညာ၊ လက်မှုပညာနှင့် အချက်အပြုတ်ပညာများကို ရက်သတ္တပတ် ၁၄ပတ်ကြာ သင်ကြားပေးခဲ့ပြီး သင်တန်းဆင်း သင်တန်းသူများ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ဝန်ကြီးဌာနက အပ်ချုပ်စက်များကို သက်သာသောဈေးနှုန်းဖြင့် တစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ (သတင်းစဉ်)

## သကြၤန်တွင်းတရားစခန်း

**ရန်ကုန် ဧပြီ ၃**

ဒေါပုံမြို့နယ် ဆေးစက်၊ ပုသိမ်မြေ ရပ်ကွက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက် မြတ်သီတာသိမ်တော်ကြီးတွင် ပြာသာဒ်ကျောင်း ပဓာနနာယက ဆရာတော်၏ သြဝါဒခံယူလျက် ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ နေ့စဉ် နံနက် ၇နာရီမှည၆နာရီခွဲအထိ အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီး ဦးသန်းရွှေ(ဒလ-အုံ့ကြီး)၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရား ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ဖုန်း-၅၅၇၅၅၉သို့ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

တရားစခန်းရက်အတွင်း (ဦးမန်းနီး)-ဒေါ်အေးမြတ်သီတာ သိမ်၊ကျောင်း ဒါယကာမိသားစုက နံနက်စာကျွေးမွေး လှူဒါန်းမည်ဖြစ်သည်။ (က-ပ)

## မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်၊
၂။ ကစားသူ ထောင်(၃)နှစ်၊
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## အမရဝတီကျောင်းတိုက် ဒုလ္လဘတရားစခန်း

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ကုန်းတလဘောင် စံပြရွာ အမရဝတီကျောင်းတိုက်၏ ပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြု ဒွိပိဋကဓရဒွိပိဋကကောဝိဒဘဒ္ဒန္တသဇ္ဇန၊ ဘဒ္ဒန္တရေဝတ(ဓမ္မာစရိယ) ဆရာတော်တို့ ဦးစီး၍ မဟာသင်္ကြန် ဒုလ္လဘတရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ညစဉ် ၇ နာရီ၌ ဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူ ကြယ်တစ်ပွင့် အရှင်ပညာနန္ဒမှ တရားတော်များ ဟောကြားမည်ဖြစ်သည်။

ဒုလ္လဘဝတ်၍ တရားအားထုတ်လိုသူများသည် ဧပြီ၁၂ရက်ညနေ ၃နာရီ အရောက်လာရောက်ကြရန်နှင့် ဖုန်း-၅၇၂၆၃၈၊ ၆၆၀၈၁၆၊ ၀၉-၅၀၀၀၈၃၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က)မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီးမြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ)အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ)တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

# အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်ရေးဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၃

**ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

### တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆွေးနွေးပွဲကိုယ်စားလှယ်များ ဖြစ်ကြသည့် ပညာရေးကောလိပ် ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဦးစီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို စတင်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားပြီး ဆွေးနွေးပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲနှင့် နှီးနှောဖလှယ်ပွဲကို ယနေ့မှစ၍ ဧပြီ ၆ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ သာကေတမြို့နယ် (၆)ရပ်ကွက် ဓမ္မာ့သီရိအရှေ့(၁)လမ်းနေ နှစ်ဖက်သောမိဘများအား ရည်စူးအမှူးထား၍ ကိုအောင်မြင့်-မသက်သက်မော်တို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် ဘိုးဘွားဆေးရုံစရိတ်လမ်းအတွက် ငွေကျပ် နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃-၄-၂၀၀၆)

**ခန္တီး**
၀ဒသမ ၃၉လက်မ
**ဗန်းမော်**
၀ဒသမ ၂၀လက်မ

# ကုန်စည်ပြပွဲနှင့်အစည်းအဝေးတက်ရန် ပြည်ပသို့ထွက်ခွာ

**ရန်ကုန် ဧပြီ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်နှင့် ဦးစိုးမြင့်၊ အလုပ်အမှုဆောင် ဦးမျိုးသန့်တို့သည် ဧပြီ ၄ ရက်မှ ၉ ရက်ထိ ထိုင်းနိုင်ငံ ချင်းရိုင်မြို့တွင်ကျင်းပမည့် Lanna Trade Fair သို့ တက်ရောက်ရန် ယနေ့မွန်းတည့် ၁၂နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးထွန်းအောင်သည် ဧပြီ ၃ ရက်မှ ၉ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ASEAN Tripartite Seminar on Enhancing Tripartite Partnership in Industrial Relations and Workforce Employability အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညနေ ၄နာရီ မိနစ် ၂၀ က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)** (သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၄-၄-၂၀၀၆ (အင်္ဂါနေ့)**

**(၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ရက်) (အဖိတ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (ရူပဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၅၅ ၅။ ခံစားနားဆင် တေးဓာတ်ဝင်
၅:၀၅ ၆။ "ရောင်ပြန်ဟပ်ခြင်း" (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၅:၁၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၅:၂၅ ၈။ ခါသင်္ကြန်အဆိုအကများ
၅:၃၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" ဇာတ်သိမ်းပိုင်း (အပိုင်း-၇၈)**
၆:၅၅ ၁၃။ ပျော်ပျော်ရွှင်ရွှင်ဆင်ယင်နွှဲ ၂၀၀၆ခုနှစ် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ **(အပိုင်း-၁)**
၇:၀၅ ၁၄။ လူ့အခွင့်အရေး သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး **(အပိုင်း-၂)**
၇:၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနုနု" (အပိုင်း-၂)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၄)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

# အဆင့်မြင့်တန်း ကွင်းပိတ်ကွာတားဖိုင်နယ်ပွဲ ပို့ဆောင်ရေးက ကာကွယ်ရေးကို အနိုင်ရ

**ရန်ကုန် ဧပြီ ၃**

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမကွာတားဖိုင်နယ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးအသင်းတို့သည် ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**ပို့ဆောင်ရေးအသင်း - သုံးဂိုး။**
(ညီညီအောင်၊ ထက်အောင်နှင့် ပြည့်ဖြိုးဦး-တစ်ဂိုးစီ)

**ကာကွယ်ရေးအသင်း - ဂိုးမရှိ။**

**ဒိုင်လူကြီး - ဦးစိုးမိုးကျော်။**

ပို့ဆောင်ရေးအသင်း ဂိုးမိုးရွာပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သောပွဲဖြစ်သည်။ ကာကွယ်ရေးအသင်းမှာ ပို့ဆောင်ရေးအသင်းကို ခြေအရ မရှုံးသော်လည်း ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။ နှစ်သင်းစလုံးခြေစွမ်းအရ သူမသာ၊ ကိုယ်မသာရှိသော်လည်း ပို့ဆောင်ရေးအသင်းက ရရှိသည့် ဂိုးသွင်းခွင့်များကို ပိုင်ပိုင်နိုင်နိုင် အသုံးချ၍ အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပို့ဆောင်ရေးအသင်းသည် အကြိုဗိုလ်လုပွဲ၌ စီးပွား/ကူးသန်းနှင့် စွမ်းအင် အနိုင်ရသောအသင်းနှင့် ကစားရမည်ဖြစ်သည်။

## ပြောကြား

အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသော ပို့ဆောင်ရေးအသင်း နည်းပြချုပ် ဦးခင်မောင်တင့်က "ကစားသမားအားလုံးကြိုးစားကြ၍ အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ ယနေ့ပွဲတွင် နှစ်သင်းစလုံး ခြေစွမ်း မတိမ်းမယိမ်းရှိကြောင်း၊ ပထမပိုင်းတွင် မိမိတို့အသင်းက ရရှိသောအခွင့်အရေးများကို ဂိုးနှစ်ဂိုးအဖြစ် ဖန်တီးနိုင်ခဲ့၍ ပွဲကို ဦးဆောင်သွားနိုင်ကြောင်း၊ ဒုတိယပိုင်းမှာ ကာကွယ်ရေးက ပြန်ဖိလာသော်လည်း မိမိတို့က ခုခံသွားနိုင်ကြောင်း၊ မိမိတို့အသင်းပါဝင်သော အပေါ်ပိုင်းအုပ်စုသည် အသင်းကြီးများပါဝင်၍ အမှားများသည့်အသင်းက ရှုံးသွားမည် ဖြစ်ကြောင်း၊ စွမ်းအင် သို့မဟုတ် စီးပွား/ကူးသန်းနှင့် အကြိုဗိုလ်လုပွဲတွင် မည်သည့်အသင်းနှင့် တွေ့တွေ့ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲ တက်ရောက်နိုင်ရေး အထူးကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

## ကာကွယ်

**ကာကွယ်ရေးအသင်း၏ ထိုးဖောက် ဂိုးသွင်းမှုကို ပို့ဆောင်ရေး ဂိုးသမား ဖြိုးမင်းမောင်နှင့် နောက်ခံလူများ ကာကွယ်စဉ်။** (ကြေးမုံ)

## ယနေ့ပွဲ

**(အောင်ဆန်းကွင်း)**

ဒုတိယ ကွာတားဖိုင်နယ်
စီးပွား/ကူးသန်းနှင့် စွမ်းအင်

(ကြေးမုံ)





**နှစ်ဖက်သောမိဘများအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် မင်းရဲကျော်စွာ (၅)လမ်းနေ ဒေါ်ခင်ထွေးမိသားစုက ဥက္ကလာပစေတီတော်ထီးတော်မှခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူရန်နှင့် နှစ်ကျိပ်ရှစ်ဆူသိမ်တန်ဆောင်းတော်ကြီးဆောက်လုပ်ရန် အလှူငွေကျပ်နှစ်သိန်းကို မတ် ၂၇ရက်က ပေးအပ်လှူဒါန်းရာ ဂေါပက အတွင်းရေးမှူး ဦးမျိုးဝင်းက လက်ခံရယူစဉ်။** (၆၄)



**မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မတ် ၁၄ရက်က နှစ်ဖက်သောမိဘများအား အမှူးထား၍ မော်လမြိုင်မြို့ မြိုင်ရတနာဈေး(ပန်းချယ်ရီ-အထည်ဆိုင်)မှ ဦးမျိုးဇော်မင်း-ဒေါ်သီဂီရှိန်၊ သမီးပွင့်ဖြူမိသားစုတို့က ငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။** (၂၅၇)

# ဂရင်းရှိုင်ရယ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃**

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိက ကူညီပံ့ပိုးသော ဂရင်းရှိုင်ရယ်စပယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဧပြီ ၇ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ ပြီးခဲ့သည့်ပြိုင်ပွဲများ ကျင်းပခဲ့သော မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ လားရှိုးမြို့နှင့် ရန်ကုန်မြို့ပြိုင်ပွဲတို့မှ အနိုင်ရရှိခဲ့သော အပျော်တမ်းဂေါက်သီးရိုက် အားကစားသမား လေးဦးစီကို ရှုံး/ထွက်စနစ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် Myanmar PGA နှင့် ပူးပေါင်းပြီး Pro- AM ပြိုင်ပွဲကို ဧပြီ ၉ရက် နံနက်ပိုင်းတွင် ယင်းဂေါက်ကလပ်၌ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ၏ Main Sponsorမှ IBTC ဖြစ်ပြီး Co-Sponsorsများအဖြစ် Air Mandalay၊ Grand Plaza Parkroyal Hotel၊ Srixon၊ Crusher Club Sodaတို့က အသီးသီးကူညီကြမည်ဖြစ်ကာ ပန်းလှိုင် နောက်ဆုံးဗိုလ်လုပွဲ Final Roundဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်သည်။ (သတင်းစဉ်)

GRAND ROYAL
SPECIAL RESERVE
Golf Championship

## ချင်းတွင်းဓမ္မရိပ်သာ မဟာသကြိန်တရားစခန်း ဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရန်ကြီးအောင်လမ်းရှိ ချင်းတွင်းဓမ္မရိပ်သာကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသကြိန်တရားစခန်းကို ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်၍ ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)ဆရာတော်နှင့် ဘဒ္ဒန္တ သံဝရာစာရ(တန့်ဆည်)တို့က သဲအင်းဂူဆရာတော်၏ ဥပနိဿယအတိုင်း ဟောကြားသွားမည်ဖြစ်ကြောင်း၊ စခန်းဝင်လိုသူများသည် ဧပြီ ၁၂ရက်ထက် နောက်မကျစေဘဲ ဖုန်း-၆၅၁၀၈၁ဖြင့် ဆက်သွယ်စာရင်း ပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

# ပန်းတစ်ပွင့်တောင် စကြာရှင်စေတီတော် ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ပေါ်ရှိ ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာန နာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်ကြီးမှူး၍ တည်ထားသည့် စကြာရှင် ဆယ့်တစ်မီးငြိမ်းစေတီတော်ကြီးနှင့် အရံစေတီတော်များ ရွှေထီးတော်တင် မဟာမင်္ဂလာပွဲကို ဧပြီ ၉ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါစေတီတော်မြတ်ကြီး ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က (၂၄)ကြိမ်မြောက် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ ကပ်လှူပူဇော်ပွဲကို ဧပြီ ၉ရက် ညနှင့် ၁၀ရက်နံနက်တွင် ကျင်းပမည်ဖြစ်သဖြင့် ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။ (၆၁)

# မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မာန်ပြေရန်ပြေ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၁)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၄ရက်မှ ၉ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ပဋ္ဌာန်းသိမ်းပွဲ၌ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း ဆန်စိမ်းများ လောင်းလှူမည်ဖြစ်ကြောင်းသိရသည်။ (၅၃၂)

# ရွှေပုန်းညက်လမ်း သီတဂူရေအလှူတော်တရားပွဲ

**ရန်ကုန် ဧပြီ ၃**

ရွှေပုန်းညက်အိမ်ရာမိသားစုမှ ကမာရွတ်မြို့နယ် ရွှေပုန်းညက်ရိပ်မွန်၊ ရွှေပုန်းညက်လမ်းတွင် ဧပြီ ၈ရက်၌ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိအဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D) နှင့် ဧပြီ ၉ရက်တွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လ (ဓမ္မစေတီ) သာသနတက္ကသိုလ် မဟာဓမ္မာစရိယ M.A(Buddhism) တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)



**ဧပြီ ၂ရက်က ပုသိမ်အသင်း (ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် နိုင်ငံတော်မှ ချီးမြှင့်ဆက်ကပ်လှူဒါန်းသော ပုသိမ်ခရိုင်အတွင်းမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ တွင် သီရိသုဓမ္မမဏိဇောတရဘွဲ့တံဆိပ်တော်ရ ပုသိမ်အသင်းဥက္ကဋ္ဌ ဦးစိုးဟန်လင်းအား အသင်းဂုဏ်ထူးဆောင်နာယက ဦးကျော်အေး ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။** (၅၂၉)

# The Commerce Journal အတွဲ(၆) အမှတ်(၇) ဖြန့်ချိ

**ရန်ကုန် ဧပြီ ၃**

The Commerce Journal အတွဲ(၆) အမှတ်(၇) ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ဆန်၊ ကြက်သွန်နီနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်၊ ရွှေလီမြစ်ကမ်းဘေး၌ ကြက်သွန်နီ စိုက်ပျိုးဖြစ်ထွန်း၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းအောင် (GMS-BF) မှာ ထူးခြားစွာ ဆောင်ရွက်ခဲ့၍ ဆုချီးမြှင့်ခံခဲ့ရ၊ အိမ်နီးချင်းနိုင်ငံများရှိ စားဖိုချောင်ပစ္စည်းဈေးနှုန်း နှိုင်းယှဉ်ချက်၊ တရုတ်ဈေးကွက်ဝင် ပဲတီစိမ်း၊ အိမ်ရာဈေးကွက်နှင့် ဘွန်းဈေးကွက် ခလောက်ဆန်သော်၊ တရုတ်နိုင်ငံ၏ အလုပ်အကိုင် အမျိုးအစားသစ်များ၊ ကမ္ဘာ့ရွှေဈေး တက်လိုက်ကျလိုက်၊ တရုတ်နိုင်ငံ၏ ငါးနှစ်စီမံကိန်း၊ ကိုရီးယားတီဗွီနှင့် အွန်လိုင်းဈေးဝယ်လုပ်ငန်း၊ သတို့သမီး အရန်ဖက်ရှင်များ၊ ကြော်ငြာစတား တရုတ်ဘတ်စကက်ဘောသမား (YAO)၊ ရွှံ့ကဏန်း စီးပွား၊ ကြက်ငှက်တုပ်ကွေးရောဂါဟန့်တားမည့် ဇီဝနည်းပညာများ၊ တရုတ်နိုင်ငံ၏ ပြည်ပမှတိရစ္ဆာန်အစားအစာများ တင်သွင်းရာတွင် လိုက်နာရမည့်သတ်မှတ်ချက်များစသည့် သတင်းများအပြင် မောင်စူးစမ်း၊ မောင်တိုင်ပင်၊ ကြည်ရွှန်း၊ ဟံသာထွန်း၊ သိန်းမြသိန်း၊ ကျွန်းသားငမန်း၊ မောင်ပုဆိုးကြမ်းတို့၏ သုတရသဆောင်းပါးများ၊ ပို့ကုန် အနိမ့်ဆုံး အမြင့်ဆုံး ဈေးနှုန်း၊ ဆရာစံဇာတာဘို၏ အမည်ဟောကိန်း၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ်(၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ်မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၄-၄-၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သာသနာ့အနွယ်ဝင်သီလရှင် |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ယောက်ဖတို့သင်္ကြန်) |
| ၇း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၀၅ | အမှတ်(၁)သတ္တုတွင်းလုပ်ငန်း မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့(အပိုင်း-၂) |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | မိုးလေဝသ ခန့်မှန်းချက် |
| ၈း၃၀ | ရေနံ့သို့ချီလှမ်းမြန်မာ့စက်မှုလုပ်ငန်း(သုံးဘီးဆိုင်ကယ်ထုတ်လုပ်ရေး) |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းဧရာဝတီ |
| ၉း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | Sunday Talk |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၀ | သစ်သီးဝလံသုတေသနပြုဆောင်ရွက်ခြင်း |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | Wedding Planner |
| ၁၁း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ပန်းချီဆရာကြီးဦးလွန်းကြွယ် စိန်ရတုအမှတ်တရ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**Champion League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၁း၀၀ | AC Milan- Lyon | 5-Sports (Live) |
| | Villareal- Inter Milan | 5-Cartoons(Live) |

# ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဧပြီ ၁ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ဖြူးမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်နေသည့် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး ပင်မတမံတည်ဆောက်ရန် ရေလွှဲဥမင်တူးဖော်နေမှု၊ အထွက်ပိုင်း၌ ဥမင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ ဝန်ကြီးသည် ပင်မတမံ တည်ဆောက်မည့်နေရာနှင့် လျှပ်စစ်ထုတ်ယူမည့် ရေလွှဲဥမင်





တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုသည်။ ယင်းနောက် ဝန်ကြီးသည် ရေလွှဲဥမင်အဝင်ပိုင်းတွင် တူးဖော်ပြီးစီးသောအပိုင်း၌ အတွင်းပိုင်း ကွန်ကရစ်လောင်းမှု၊ တူးဖော်ပြီး မြေသား၊ ကျောက်သားများကို မြေသယ်စက်ဖြင့် ဥမင်အတွင်းမှ သယ်ထုတ်မှု၊ ဥမင်အား ဆက်လက်တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေလွှဲဥမင်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ မြင်းခွာပုံအချင်း ၁၃ ပေ၊ အရှည် ၂၄၇၇ ပေရှိသည်။ ယခုအခါ ၂၄၆၅ ပေတူးဖော်ပြီးဖြစ်၍ အတွင်းပိုင်းအချောကိုင်လျက်ရှိသည့်အပြင် ကျန်ရှိသည့် ၁၂ ပေကိုလည်း ဆက်လက်တူးဖော်နေဆဲဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှုရပ်အမြင့်ပိုင်းမှနေ၍ ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း၏ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပင်မတမံပြုလုပ်မည့်နေရာ၊ ရေပိုလွှဲတည်ဆောက်မည့်နေရာနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။**

(လယ်ယာ/ဆည်မြောင်း)

# ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ် စီဒီ (၃၃) ဆင်းပွဲနှင့် အပတ်စဉ် စီဒီ (၃၄) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရေကြောင်းပညာသိပ္ပံ စစ်ရေးပြကွင်း၌ ကျင်းပသော ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အပတ်စဉ် စီဒီ (၃၃) ဆင်းပွဲနှင့် အပတ်စဉ် စီဒီ (၃၄) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**



**ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကုန်သွယ်ရေကြောင်းအရာရှိလောင်း စံပြဆုရရှိသော ကျော်အောင်ခိုင်လတ်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြေကျဉ် အင်တာနက် သတင်း

**ရှေးဟောင်း အီဂျစ်နိုင်ငံခေတ်တွင် တည်ဆောက်ခဲ့သော ကွမ်အွမ်ဘို ဘုရားကျောင်းတော် အဆောက်အအုံကို အီဂျစ်နိုင်ငံ လပ်ဇော်မြို့တွင် တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး အင်တာနက် ဝက်ဘ်ဆိုက်သစ် အီဂျစ်ဖွင့်လှစ်

ကိုင်ရို ဧပြီ ၃

**အီဂျစ်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့သည် အင်တာနက် ဝက်ဘ်ဆိုက်သစ် တစ်ခုကို ဧပြီ ၃ ရက်မှစ၍ တင်ထားပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး မစ္စတာ ဇိုင်မား ဂါရန်နာက ထုတ်ပြန်ကြေညာလိုက်သည်။**



၂၀၀၄ ခုနှစ်ထက် နောက်မကျဘဲ အီဂျစ်နိုင်ငံသို့ ကမ္ဘာ့လှည့်ခရီးသည်ဦးရေ တစ်နှစ်လျှင် ၁၆သန်းအထိ အလည်အပတ်လာရောက်ရန် မိမိတို့ ရည်မှန်းထားကြောင်း၊ ဤရည်မှန်းချက် ပေါက်မြောက်အောင်မြင်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အင်တာနက် ဝက်ဘ်ဆိုက်သစ်က အထောက်အကူပေးမည်ဖြစ်ကြောင်း မစ္စတာ ဂါရန်နာက ပြောကြားသည်။

အီဂျစ်အစိုးရ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရည်မှန်းချက်ကို ကူပံ့ပေးမည့် အင်တာနက်ဝက်ဘ်ဆိုက် အမည်မှာ WW W. egypt. travel ဖြစ်သည်။

အီဂျစ်နိုင်ငံအတွင်း အပန်းဖြေနားနေနိုင်မည့် နေရာများ၊ သာယာလှပသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ၊ အားလပ်ရက် အပျော်ခရီးထွက်လိုသူများအတွက် ခရီးစဉ်များ၊ ရေကူးခြင်း၊ စကူဘာဒိုင်ဗင်ထိုးခြင်း၊ အမဲလိုက်တောကစားခြင်း၊ လှေလှော်ရွက်တိုက်ခြင်းနှင့် ဂေါက်သီးရိုက်ခြင်းစသည့် ပျော်ရွှင်ဖွယ်ရာ ကစားခုန်စားပြုလုပ်နိုင်သည့် အစီအစဉ်များနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ●**